# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက် | ၂၀၂၅ ခုနှစ်၊ ဇွန် ၉ ရက်၊ တနင်္လာနေ့ | အတွဲ (၆၄)၊ အမှတ်(၂၄၈)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

## မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ

# နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ်ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၈**

မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံမဟာဗျူဟာနှင့်


*စာမျက်နှာ ၃ ကော်လံ ၁* ❖



ယနေ့ *ဖတ် စ ရာ*

သတိပြုဖွယ် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ် — ဆောင်းပါး — စာ ၁၀

အစ္စရေး ဘင်ဂူရီယန်လေဆိပ်၌ ခရီးသည် ၅၀ ရာခိုင်နှုန်း တိုးလာ — နိုင်ငံတကာသတင်း — စာ ၁၄

တက္ကသိုလ်နှင့် ဒေသအကျိုးပြု လက်တွေ့သုတေသန — ဆောင်းပါး — စာ ၁၆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ – တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❒ **မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင်ရှိနေ၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြော ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်၊ တရုတ် - မြန်မာ စီးပွားရေး စင်္ကြံလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလို၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက်လည်း များစွာတန်ဖိုးထားကျေးဇူးတင်ရှိသည်ကို ပြောကြားလို၊ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိ**

❖ *ရွှေဖုံးမှ*

နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**အနာဂတ်အတွက် တူညီသည့်သန္နိဋ္ဌာန်ရှိနေ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ၏ သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့်သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ (၇)ရာစုနှစ် မြန်မာနိုင်ငံက ပျူမင်းဆက်များနဲ့ တရုတ်နိုင်ငံ တန်မင်းဆက်မှစ၍ ခေတ်အဆက်ဆက် ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးဆက်ဆံမှု သမိုင်းအထောက်အထားများစွာ တွေ့ရမည်ဖြစ်ကြောင်း၊ သံတမန်ရေးဆက်ဆံမှုအနေဖြင့် အေဒီ (၁၁) ရာစု ပုဂံခေတ်မှာ မြန်မာသံတမန်ရှင်ဒိသာပါမောက် တရုတ်နိုင်ငံကို သံခင်းတမန်ခင်း သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းသည် မျက်မှောက်ခေတ် နှစ်နိုင်ငံ စွဲစွဲမြဲမြဲကျင့်သုံးနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒ၏ အခြေခံအုတ်မြစ်ဟု ဆိုနိုင်ကြောင်း။

**ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်**

ခေတ်သစ်နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်၌ ပထမဆုံးအသိအမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ ၈ ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို တစ်စထက်တစ်စ ပိုမိုတိုးတက်ခိုင်မာစေခဲ့ကြောင်း။

**စံနမူနာတစ်ခုဖြစ်စေခဲ့**

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုအခြေခံပြီး ၁၉၅၄ ခုနှစ်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် စံနမူနာတစ်ခုဖြစ်စေခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ် ဘန်ဒေါင်း ညီလာခံမှစတင်၍ မျက်မှောက်ခေတ်ကာလအထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ချက်ကို လက်ခံကျင့်သုံးနေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုအခြေခံကျသည့် မူဝါဒအဖြစ် ခိုင်ခိုင်မာမာ ကျင့်သုံးလျက်ရှိကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

**မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံ**

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ သဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ ဥာဏ်ရည်တုသဘောထားများသည် အနာဂတ်ကမ္ဘာ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟု ရှုမြင်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင် အနီးကပ် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် **“ဘက်စုံမဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေး”** အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံဆက်ဆံရေးသမိုင်းတစ်လျှောက် သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများထဲမှ တစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ အဆိုပါခရီးစဉ်အတွင်း မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါသဘောတူညီချက်မှ နှစ်နိုင်ငံနှင့် ပြည်သူတွေအကျိုးအတွက် ခိုင်မာသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိနေပြီကို အားလုံးအသိပင်ဖြစ်ကြောင်း။

အခွင့်ကြုံခိုက် ယခုကဲ့သို့သမိုင်းဝင်အခါသမယတွင် မိမိတို့နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း၊

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တရုတ်နိုင်ငံ ယဉ်ကျေးမှုအကအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်စဉ်။

- **မန္တလေး ငလျင်ကြီးကြောင့် ပျက်စီး ဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူ ပြုနိုင်ရန် တရုတ်ယွမ် (၁ ဒသမ ၁) ဘီလီယံ တန်ဖိုးရှိ အရေးပေါ်လူသား ချင်းစာနာထောက်ထားမှု အကူ အညီများကို ပေးအပ်ခဲ့**
- **အခက်အခဲဆုံးအချိန်တွင် ရရှိ ခဲ့သည့် ပထမဦးဆုံး ပြည်ပ အကူအညီဖြစ်သည့် တရုတ် နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှု များသည် မိမိတို့အစိုးရနှင့် ပြည်သူများအတွက် များစွာ ထိရောက်မှုရှိပြီး ခွန်အား ဖြစ်စေ**

*စာမျက်နှာ ၃ မှ*

ထို့အပြင် နှစ်နိုင်ငံပြည်သူများအတွက် ရေရှည် တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်း တည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ–တရုတ် အနာဂတ်အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကိုမြှင့်တင်နိုင်ရေးတို့ကို ဆက်လက် ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်ကို ပြောကြား လိုကြောင်း။

**အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့**

မိမိအနေဖြင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် မေလ အတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲနှစ် (၈၀)ပြည့် အထိမ်း အမှတ်အခမ်းအနားကို တက်ရောက်ခဲ့စဉ်ကာလ အတွင်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါတွေ့ဆုံမှုတွင် စစ်မှန်သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန် ယုံကြည်မှုနှင့် ရိုးရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည် ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့် ဆောင်ရွက်ရေး၊ ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအရှိန်အဟုန်ကို မြှင့်တင်ရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးဆိုင်ရာ ကိစ္စရပ် များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ၊ ကူမင်းမြို့တွင် ကျင်းပခဲ့သည့်(၈)ကြိမ် မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့စဉ်ကလည်း မိမိအနေဖြင့် တရုတ် နိုင်ငံဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများ ရရှိခဲ့ ကြောင်း။

**အရေးပါသည့်ပထဝီဝင်အနေအထားတွင် ရှိနေ**

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်–မြန်မာ စီးပွားရေးစင်္ကြံ စီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင် ရှိနေ ကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြောဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့် အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည် ကြောင်း၊တရုတ်–မြန်မာစီးပွားရေးစင်္ကြံလမ်းကြောင်း တစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင် ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘော ဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်း စေတနာဖြင့် အားပေးထောက်ခံမှုများအတွက် လည်း များစွာတန်ဖိုးထား ကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စနှင့် ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် ရပ်တည်ထောက်ခံပေးလျက်ရှိသည့် အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

**ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိ**

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအစိုးရ ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံ ပြီး ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူး တင်ရှိပါကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ ခိုင်မာသည့် ရပ်တည်ချက်သည် မိမိတို့နှစ်နိုင်ငံအကြားတွင် ရှိသည့် နက်ရှိုင်းသောချစ်ကြည်ရင်းနှီးမှုနှင့် အပြန် အလှန်နားလည်မှုတို့ကို ထင်ဟပ်လျက်ရှိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အေးအတူ ပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့် စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့် ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က မန္တလေးမြေငလျင် လှုပ်ခတ်မှုအပြီးချက်ချင်း ၂၄ နာရီ အတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့ များကို စေလွှတ်ပေးခဲ့ခြင်းပင်ဖြစ်ကြောင်း၊ အရေး ကြီးဆုံးအချိန် (Golden Hour)၌ ရှာဖွေကယ်ဆယ်ပေး ခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ် ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲ စွာ ကျေးဇူးတင်ရှိပါကြောင်းကို ဂုဏ်ပြုပြောကြား လိုကြောင်း၊ ၂၀၂၀–၂၀၂၁–၂၀၂၂ ခုနှစ်ကာလများ အတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ် –၁၉ ရောဂါကိုလည်း မြန်မာ နိုင်ငံအနေဖြင့် ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဆိုပါ အချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးဆေးများ၊ ပစ္စည်း များ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ထုတ်လုပ်ရေး ဆိုင်ရာများတွင် အမြောက်အမြား ကူညီပေးခဲ့ခြင်း ကြောင့် မြန်မာပြည်သူများ ကိုဗစ်ရောဂါကင်းစင်ရေး အတွက် များစွာအထောက်အကူပေးခဲ့သည်ကို လည်း ကျေးဇူးတင်ရှိခဲ့သည်ကို ထည့်သွင်းပြောကြား လိုပါကြောင်း။

ထို့အပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီး ဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ် ယွမ် (၁ ဒသမ ၁) ဘီလီယံတန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာ ထောက်ထားမှုအကူအညီများကို ပေးအပ်ခဲ့ကြောင်း၊ အခက်အခဲဆုံးအချိန်တွင်ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီ ပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့် ပြည်သူများ အတွက် များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့ ကြောင်း။

ထိုကဲ့သို့ အချိန်တိုကာလအတွင်း ဆွေမျိုး ပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့် ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူ များအကြား စစ်မှန်သည့်ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေး သည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည် ရေးသမိုင်းတွင် မော်ကွန်းတင်ကျန်ရစ်နေမည် ဖြစ်ကြောင်း။ *စာမျက်နှာ ၅ သို့*




မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

*စာမျက်နှာ ၄ မှ*

မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံအကျိုးစီးပွားဖြစ်ထွန်းစေရေး မူဝါဒများ ထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှ အသိုက်အဝန်း အတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွား အတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများကို ပိုမို နက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုလိုကြောင်း။

**ထပ်လောင်းအတည်ပြု**

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု (၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ် အခမ်းအနား တွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်မှု အရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြု ပြောကြားလိုကြောင်း။

အနာဂတ် နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သည့်ဆက်ဆံရေးကို ရှေးရှုပြီး မြန်မာ-တရုတ် ချစ်ကြည်ရေး ထာဝရအစွန့်ရှည်တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် ကပြသရုပ်ဖော် တင်ဆက်ပြသမှုများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းမှတ်တမ်း ဗီဒီယိုဖိုင်အား ကြည့်ရှုကြသည်။

**မှတ်တမ်း ဓာတ်ပုံပြခန်းများ ကြည့်ရှု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်သာယာ( အနောက်ပိုင်း) မြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်းစည်းဝေး

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်၌ ငွေဖင်ယော်လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံး၌ ကျင်းပသည်။



အစည်းအဝေးတွင် ငွေဖင်ယော်လက်လုပ်လက်စား ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏အတွင်းရေးမှူး ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေမှုစာရင်းများအား အဆိုပြုခြင်း၊ ထောက်ခံခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Websiteနှင့် Webportal စာရင်း

| | |
|---|---|
| ၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး<br>https://sacoffice.gov.mm | ၄။ ပြန်ကြားရေးဝန်ကြီးဌာန<br>https://www.moi.gov.mm |
| ၂။ ကာကွယ်ရေးဝန်ကြီးဌာန<br>https://www.mod.gov.mm | ၅။ Myawady Webportal<br>https://myawady.net.mm |
| ၃။ ဥပဒေရေးရာဝန်ကြီးဌာန<br>https://www.mlis.gov.mm | ၆။ Myanmar National Portal<br>https://myanmar.gov.mm |

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ယာယီဘာရှာလိုင်းခန်းများ၌ ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုနှင့် Prefabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

**သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းက ဝန်ကြီးဌာနပိုင်မြေနေရာ၌ ပြည်ထောင်စုဝန်ကြီးရုံး၊ သမဝါယမဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့မှ ငလျင်ဒဏ်သင့် အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ နေထိုင်နိုင်ရေး တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများတွင် ပြောင်းရွှေ့နေထိုင်နေမှု အခြေအနေများ ကြည့်ရှုစစ်ဆေးသည်။** (အောက်ပုံ)

ယင်းနောက် Prefabricated Modular House များ တပ်ဆင်ဆောင်ရွက်နေမှု၊ ကျေးလက်လမ်းဖွံ့ဖြိုး ရေးဦးစီးဌာနက ယာယီလိုင်းခန်းများအတွင်း ကျောက်ချောလမ်းခင်းခြင်း ဆောင်ရွက်နေမှုနှင့်



ရေ၊ မီး၊ မိလ္လာစနစ်များ တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး Prefabri-cated Modular House တပ်ဆင်မှုများ အမြန်ဆုံး ပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက် ပြီးစီးပါက ဝန်ထမ်းများကို စနစ်တကျ အမြန်ဆုံး နေရာချထား ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ရှိ ပြည်ထောင်စုနယ်မြေ နေပြည်တော်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းရုံးမြေနေရာ၌ တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာလိုင်းခန်းများနှင့် Prefabricated Modular House များတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှု၊ ရေ၊ မီး၊ မိလ္လာစနစ်များ ဆောင်ရွက်ပေးထားမှု၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပျဉ်းမနားမြို့ မြောက်လွှတ်ကုန်းရှိ သင်တန်းသားအိပ်ဆောင်ဝင်းနှင့် စက်ယန္တရားသိုလှောင်ရုံဝင်းတို့အတွင်း တည်ဆောက်ထားသည့် ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း၊ လယ်ဝေးမြို့နယ်ရှိ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံးမြေနေရာတွင် တည်ဆောက်ထားသည့် နှစ်ခန်းတွဲ ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုကိုလည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရုံးဝင်းအတွင်းရှိ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ယာယီဘာရှာလိုင်းခန်းများတွင် ဝန်ထမ်းများ ပြောင်းရွှေ့နေထိုင်နေမှုအခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျနေထိုင်နိုင်ရေးအတွက် လိုအပ်သည့် ရေ၊ မီး၊ မိလ္လာစနစ်များ လုံလောက်မှုရှိအောင် ဆောင်ရွက်ပေးရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးရဲတင့် ငလျင်ဒဏ်ကြောင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများ ထိခိုက်ပျက်စီးမှုများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီခရိုင်ရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ အားပေးစကားပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။** (အောက်ယာပုံ)

ထို့နောက် စစ်ကိုင်းတောင်ရိုးပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ စစ်ကိုင်းထပ်ဆင့်လွှင့်စက်ရုံသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးကြီးမားမားမရှိဘဲ ပုံမှန်ထုတ်လွှင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရမှုများအတွက် အားပေးနှစ်သိမ့်ပြီး လုပ်ငန်းတာဝန်များကို ပုံမှန်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်ရုံးမှ ကွယ်လွန်သွားသော ဝန်ထမ်းများအတွက် ရသင့်ရထိုက်သည့် ခံစားခွင့်များရရှိရေး အလေးထား ဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲ အောင်မြင်ရေးအတွက် ပေးအပ်လာသည့်တာဝန်များ ထမ်းဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်၊ နွေရာသီမီးဘေးအန္တရာယ် ကာကွယ်ရေး သတိထားရန်၊ စက်ပစ္စည်းများ ပုံမှန်စစ်ဆေးထိန်းသိမ်းပြီး မပျက်စီးအောင် ဂရုစိုက်ရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုပြင်ရေး၊ ဆုံးရှုံးမှုများအား စာရင်းမှ ပယ်ဖျက်နိုင်ရေးတို့ကို ဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။ **သတင်းစဉ်**



# နေပြည်တော်၌ ဈေးကားများဖြင့် ဖ၉ ရက်မြောက် လှည့်လည်ရောင်းချ

**နေပြည်တော် ဇွန် ၈**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့်



ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ(နေပြည်တော်) အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ် ၃၀ ရက်မှစ၍ သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန် ၈ ရက်တွင် ဖ၉ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဇွန် ၈ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်) အတွင်း ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန်ခြောက်ပြည်ပါ (မနောသုခ – Export Quality) ၁၀ အိတ်၊ ဆန် ငါးပြည်ပါ (ဖျာပုံပေါ်ဆန်း) ငါးအိတ်၊ ဆားနှစ်ပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၁၅ ထုပ်၊ ငါးပိတစ်ပိဿာ၊ ငါးတံခွန် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ လေးထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ခုနစ်ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သားပါ ငါးထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ လေးထုပ်၊ ကြက်ဥအလုံး ၅၀၊ ဘဲဥ ၁၀ လုံး၊ ခေါက်ဆွဲခြောက် နှစ်ထုပ် တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ဇွန် ၈ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၆ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သော လမ်းများ ပြန်လည်ပြုပြင်နေမှုနှင့် အမှုထမ်းအိမ်ရာများ၊ အပျိုဆောင်၊ လူပျိုဆောင်များ ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး



**နေပြည်တော် ဇွန် ၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယနေ့ညနေပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရာဇဌာနီလမ်းမကြီးနှင့် ရာဇသိင်္ဂဟလမ်းမကြီးများသို့ သွားရောက်ပြီး ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် နိုင်လွန်ကတ္တရာလမ်း(AC) ခင်းကျင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အပိုင်းလိုက်အမြန်ပြီးစီးအောင်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော လုပ်ငန်းသုံးပစ္စည်းများ အသုံးပြုရေး၊ မြေသားသိပ်သည်းမှုရှိအောင် ဆောင်ရွက်ရေးနှင့် လမ်းခင်းကျောက်များ သတ်မှတ်အရွယ်အစားအတိုင်း အသုံးပြုရေးတို့ကို မှာကြားသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်သို့ သွားရောက်၍ နေပြည်တော်ကောင်စီ၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တည်ဆောက်သည့် အမှုထမ်းအိမ်ရာများ ဆောက်လုပ်နေမှုကို ကွင်းဆင်းစစ်ဆေးပြီး (ဝဲပုံ) ယာယီရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် လုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီများမှတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ပြုပြင်ရမည့်လုပ်ငန်းများ ပြန်လည်ပြုပြင်ပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားရေး၊ လုပ်ငန်းသုံးပစ္စည်းများ အချိန်မီရောက်ရှိရေးတို့ကို မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဘောဂသိဒ္ဓိရပ်ကွက်သို့သွားရောက်၍ လူပျိုဆောင်နှင့် အပျိုဆောင်များ ဆောက်လုပ်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများအမြန်ပြီးစီးအောင် ဆောင်ရွက်ရေးမှာကြားကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကယားပြည်နယ်၌ ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနား ကျင်းပ

**လွိုင်ကော် ဇွန် ၈**

ကယားပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ကန္တရဝတီဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ သစ်တောဦးစီးဌာနဝန်ထမ်းများ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ကျွန်း၊ ခရေ၊ စိန်ပန်းနီနှင့် စိန်ပန်းပြာစသည့် ပျိုးပင်များကို ပညာရေးဌာန၊ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းနှင့် ဒေသခံပြည်သူများထံ ဖြန့်ဝေပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အထိမ်းအမှတ်အဖြစ် သတ်မှတ်နေရာ၌ ရတနာတန်းဝင် ကျွန်းပင်ကို စတင်စိုက်ပျိုးပေးပြီး (ယာပုံ) တက်ရောက်လာကြသူများက သတ်မှတ်နေရာများတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ခါတော်မီ၊ ခရေ ကံ့ကော်၊ စိန်ပန်းနီ၊ စိန်ပန်းပြာ၊ ဆီသပြေ၊ သပြေဘူတ စသည့် သစ်မျိုး ၁၁ မျိုး ပျိုးပင်ပေါင်း ၂၅၀၀ ကို အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့ပြင် ဌာနဆိုင်ရာများနှင့် တပ်ရင်းတပ်ဖွဲ့၊ ပြည်သူလူထုများ၊ ကျေးရွာထင်းစိုက်ခင်းနှင့် လမ်းဘေးဝဲယာများတွင် စိုက်ပျိုးနိုင်ရန် ပျိုးပင် ၅၀၀၀၀ ကို ယခုနှစ်တွင် ပျိုးထောင်ထားပြီး သက်ဆိုင်ရာများသို့ ဆက်လက်ဖြန့်ဝေစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**



ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## သတိပြုကာကွယ် မှိုဆိပ်အန္တရာယ်

မိုးရာသီကာလ၌ သစ်တောများနှင့်သစ်ပင်များပေါက်ရောက်ရာပတ်ဝန်းကျင်နေရာများတွင် မှိုအမျိုးမျိုးကြီးထွား ပေါက်ပွားမှုများပြားလေ့ရှိပါသည်။ အဆိုပါမှိုများတွင်အန္တရာယ်ကင်းစွာစားသုံးနိုင်သော မှိုအမျိုးအစားများရှိသကဲ့သို့ အဆိပ်ရှိသောမှိုများစွာရှိပါသည်။ အဆိပ်ရှိမှိုများအနက်အချို့မှာ ပြင်းထန်စွာအဆိပ်သင့်စေ၍ အသက်ဆုံးရှုံးစေသည်အထိ ဖြစ်နိုင်ပါသည်။

**အဆိပ်ရှိမှိုများ၏လက္ခဏာများမှာ -**



မှိုပွင့်၏အခြေတွင်အစွက်ပါရှိခြင်း
မှိုပွင့်၏ ရိုးတံတွင် ခြေချင်းပါရှိခြင်း
မှိုထီးရွက်တွင်အကြေးဖတ်များပြန့်ကျဲပါခြင်း
ထီးရွက်အောက်ပါးပါးလှက်များဖြူခြင်း
မှိုထီးရွက်အရောင်အဆင်းတောက်ပခြင်း
အစိမ်းရောင်မှိုမျိုးမှုန်များ ထုတ်လွှတ်ခြင်း

**မှိုဆိပ်သင့်ခြင်းလက္ခဏာများမှာ** - မှိုစားပြီး မိနစ် (၂၀) မှ (၄) နာရီအတွင်း မူးဝေခြင်း၊ အော့အန်ခြင်း၊ ဗိုက်အောင့်ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းတို့ဖြစ်ပွားနိုင်ပြီး ပြင်းထန်ပါကအသက်ဆုံးရှုံးနိုင်ပါသည်။ ထို့အပြင် ဦးနှောက်နှင့်အာရုံကြောထိခိုက်ပြီး စိတ်အာရုံခြောက်ခြားခြင်း၊ အလွန်အမင်းနိုးကြားလာခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ဖြစ်စေနိုင်ပါသည်။

အဆိပ်သင့်မှုလက္ခဏာနှင့် ပြင်းထန်မှုအတိုင်းအတာသည် မှိုအမျိုးအစား၊ ပါဝင်သောအဆိပ် (ဥပမာ- Cyclopeptides, Gyromitrin, Orellanine, Muscarine စသည်) ပမာဏ၊ စားသုံးမိသောသူ၏ အသက်အရွယ်၊ ကိုယ်ခံစွမ်းအားတို့အပေါ် မူတည်ပါသည်။ သက်ကြီးဘိုးဘွားများနှင့် ရောဂါအခံရှိသူများတွင် မှိုအဆိပ်သင့်ပါက ပိုမိုပြင်းထန်စွာခံစားရနိုင်ပါသည်။

မှိုဆိပ်သင့်လက္ခဏာများခံစားရပါက အချိန်မီဆေးကုသမှုခံယူရန်လိုအပ်ပါသဖြင့် နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနများသို့ ချက်ချင်းပို့ဆောင်၍ ဆေးကုသမှုခံယူရမည်ဖြစ်ပါသည်။

**မိမိမသိသော/မစားဖူးသော မှိုမျိုးကို မစားသုံးခြင်းသည် အကောင်းဆုံးသောကာကွယ်နည်းဖြစ်၍ အဆိပ်ရှိသည်ဟု သံသယဖြစ်ဖွယ်မှိုများ၊ သေချာမသိသော၊ မစားဖူးသောမှိုများကို စားသုံးခြင်းလုံးဝမပြုပါနှင့်။**

၂၀၂၅ ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## "အစာအဆိပ်သင့်ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ရန်အချက်များ"

အစာအဆိပ်သင့်မှုသည် နေရာဒေသမရွေး မကြာခဏဖြစ်ပွားတတ်ပြီး ရောဂါပိုးများပါဝင်သော မသန့်ရှင်းသည့် အစားအသောက်များကို စားသုံးမိခြင်းကြောင့် အများဆုံးဖြစ်နိုင်ပါသည်။ အစာအဆိပ်သင့်မှု မဖြစ်စေရန်အတွက် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရပါမည်။

### အစားအသောက်ပြင်ဆင်ချက်ပြုတ်သူများလိုက်နာရန်



၁။ အစာမစားမီ၊ အစားအစာများကို ကိုင်တွယ်ချက်ပြုတ်ခြင်းမပြုမီနှင့် အိမ်သာအသုံးပြုပြီးချိန်များတွင် လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ သေချာစွာဆေးကြောပါ၊ အိုးခွက်၊ ပန်းကန်များ၊ စဉ်းတီတုံးများအပါအဝင် မီးဖိုချောင်သုံး ပစ္စည်းများ၏ သန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။

၂။ မချက်ရသေးသည့်သားစိမ်း၊ ငါးစိမ်းများနှင့် ချက်ပြုတ်ပြီးဟင်းများကို အတူရောမထားပါနှင့်၊ စဉ်းတီတုံး၊ ပန်းကန် သီးသန့်သုံးပါ၊ ချက်ပြုတ်ပြီးအစားအစာနှင့် မချက်ပြုတ်ရသေးသော အစားအစာများအား သီးခြားစီထားရှိပါ။

၃။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပါ၊ ချက်ပြုတ်ထားသည့် အစားအစာများကို မစားမီပြန်နွေးပါ၊

၄။ အစားအစာများကို သင့်တော်သည့် အပူချိန်တွင်ထားရန်လိုသည်၊ ချက်ပြုတ်ထားသည့် အစားအစာများကို အခန်းအပူချိန်တွင် နှစ်နာရီထက်ပို၍ မထားပါနှင့်၊

၅။ အစားအစာများချက်ပြုတ်ရာနှင့် ပန်းကန်များဆေးကြောရာတွင် သန့်ရှင်းသောရေကိုသာ သုံးစွဲပါ၊ လတ်ဆတ်သော အစားအစာများကိုသာသုံးစွဲပါ။

### အစားအသောက်ရောင်းချသူများအနေဖြင့် အထူးလိုက်နာရန်

၁။ ဝမ်းပျက်ဝမ်းလျှောနှင့်ဝမ်းကိုက်ရောဂါလက္ခဏာခံစားနေရသူများ

၂။ အရေပြားတွင်အနာရှိသူများနှင့်ဖျားနာနေသူများအနေဖြင့် အစားအစာများကို ပြင်ဆင်ချက်ပြုတ်ခြင်းနှင့်ကိုင်တွယ်ရောင်းချခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၂၀၂၅ ခုနှစ်၊ မေလ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## လှူဒါန်းနိုင်ရန် နှိုးဆော်ချက်

၂၈.၃.၂၀၂၅ ရက်နေ့တွင် လှုပ်ခတ်ခဲ့သော အင်အားပြင်းငလျင်ကြောင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရားနှင့် ယဉ်ကျေးမှုအမွေအနှစ်အဆောက်အအုံ (၁၇၈၁)ဆူနှင့် ဘုရားစေတီ၊ သာသနိကအဆောက်အအုံ (၄၉၉၈) ခု၊ စုစုပေါင်း (၆၇၇၉)ဆူ ထိခိုက်ပျက်စီးခဲ့ပါသည်။ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် ဘုရား၊ စေတီတစ်ဆူလုံးကိုဖြစ်စေ သဒ္ဓါတရားနည်းများမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် စေတီ၊ ဘုရားများပြုပြင်ရန် လှူဒါန်းလိုပါက နေပြည်တော်တွင် ဦးထွန်းမြင့်အောင်၊ ညွှန်ကြားရေးမှူး၊ နေပြည်တော်သာသနာရေးမှူးရုံး၊ ဖုန်း- ၀၆၇ ၃၅၅၀၁၈၃၊ ၀၉၄၂၀၇၀၁၄၆၉ နှင့် ဒေါ်နီလာအေး၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၂၀၇၁၄၇၆၀ တို့သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးတွင် ဦးဖြိုးဇော်ဇော်၊ ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ဖုန်း- ၀၉၄၂၁၂၂၂၂၅၁ နှင့် ဒေါ်မျိုးပပကျော်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၂၀၇၀၀၇၉၀ တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဦးဇော်ဦး၊ ညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း-၀၉၂၀၃၈၅၆၃နှင့် ဒေါက်တာဝတ်ရည်ဝင်းသန့်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း-၀၉၅၁၉၄၀၈၂ တို့သို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ဦးလှမင်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဖုန်း- ၀၉၄၀၂၆၁၀၁၃၄၊ ၀၉၆၆၄၆၉၀၆၇၅ နှင့် ဦးဖြိုးနောင်၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်းဒေသကြီးသာသနာရေးမှူးရုံး၊ ၊ ဖုန်း-၀၉၄၂၀၇၂၆၄၉၀၊ ၀၉၇၈၈၉၁၁၂၁၁ တို့သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် ဦးစိုးမိုးကျော်၊ ညွှန်ကြားရေးမှူး၊ ပဲခူးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ဖုန်း –၀၉ ၂၅၉၂၀၉၄၄၈ နှင့် ဦးထွန်းထွန်းလွင်၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၁၉၁၆၈ တို့သို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ဦးသိန်းဌေး၊ ညွှန်ကြားရေးမှူး၊ ရှမ်းပြည်နယ်သာသနာရေးမှူးရုံး၊ ဖုန်း – ၀၉၄၂၀၇၃၀၈၃၉ နှင့် ဒေါ်ခက်ခက်လှ၊ ဒုတိယညွှန်ကြားရေးမှူး၊ ဖုန်း – ၀၉၄၃၀၄၁၃၀၇ တို့သို့လည်းကောင်း ဆက်သွယ်၍ လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေး ငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သကျဓိတာသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်ကို ရှင်းလင်းနေမှုအခြေအနေများ၊ ရေသန့်စက်ထားရှိမည့် အဆောက်အအုံအသစ် ဆောက်လုပ်နေမှုအခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန် ထူပါရုံရွှေကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုတို့ကို လည်းကောင်း၊ စီတီးရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှုအခြေအနေများနှင့် စေတီတော်ကြီးပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုနှင့် တာဝန်ရှိသူများ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီးတွင် ပြိုကျပျက်စီးမှုများ ဖယ်ရှားရှင်းလင်းနေမှုကို သွားရောက်ကြည့်ရှုအားပေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဘူတာဝင်းအတွင်း၌ Modular Container House ဖြင့်(ယာယီ) ရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မီးရထားသံလမ်းတစ်လျှောက် အမှိုက်ကင်းစင်ရေးနှင့် အမှိုက်ပုံးများ စနစ်တကျထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ချည်မျှင်နှင့် ချည်ထည်များထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း၊ ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် ယာယီကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြစ်သားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများကို စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှု အခြေအနေများနှင့် ကူမဲမြို့ရှိ ဝေ့ကြီးဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇) အထည်စက်ရုံ(မြစ်သား)တွင် ချည်မျှင်နှင့် ချည်ထည်များ ထုတ်လုပ်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။

# သတိပြုဖွယ် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် အွန်လိုင်းလိမ်လည်မှုအန္တရာယ်

*ရွှေခြံသား(FIU)*

**ယနေ့မျက်မှောက်ကမ္ဘာတွင် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုသည် အများပြည်သူ၏ နေ့စဉ် လူမှုဘဝများအတွက် များစွာအကျိုးရှိသော်လည်း အခြားတစ်ဖက်တွင် ဥပဒေနှင့်မညီသော လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အခွင့်အလမ်းများစွာဖြစ်စေပါသည်။ ယင်းတို့အနက် အင်တာနက်ကွန်ရက်ဆက်သွယ်မှုကို အသုံးချ၍ ကျူးလွန်သည့် လိမ်လည်မှုများသည် လတ်တလောသတိပြုရမည့် ပြည်သူများအတွက် ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်လာပါသည်။**

- **နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေပါသည်**
- **မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို မျှဝေခြင်းသည် မိမိကိုယ်ကို အန္တရာယ် ပေးခြင်းနှင့်တူသည်**
- **မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏ တာဝန်ဖြစ်သည်**
- **နိုင်ငံသားစိစစ်ရေးကတ်အတုများသည် သင့်အား အမှုအခင်းပြဿနာများ ထဲသို့ ဆွဲခေါ်နိုင်သည်၊ သတိထားပါ**
- **နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲခြင်းသည် နိုင်ငံတော်လုံခြုံရေးကို ထိခိုက်စေသည်**

ဒုစရိုက်သမားများအနေဖြင့် အွန်လိုင်းလိမ်လည်မှုကို ကျူးလွန်ရာတွင် နိုင်ငံသားစိစစ်ရေးကတ်အတု၊ တစ်ပါးသူများ၏ နိုင်ငံသားစိစစ်ရေးကတ်များဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်း (Account) များကို အသုံးပြု၍ လိမ်လည်ရရှိရာမှ ငွေကြေးများကို လွှဲပြောင်းရယူကြပါသည်။ အင်တာနက်ဆက်သွယ်ရေး နည်းပညာအပေါ် အခြေခံထားသည့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ထိုသို့သော ဝန်ဆောင်မှုလုပ်ငန်းများကို ရယူအသုံးပြုနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်များနှင့် ယာဉ်မောင်းလိုင်စင်များမှာ အခြေခံလိုအပ်သည့် အထောက်အထားများ ဖြစ်လာပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်များ၏ စစ်မှန်နိုင်မှု၊ အချက်အလက်များ ခိုင်မာမှု၊ အတုအပပြုလုပ်ရန် ခက်ခဲစေနိုင်မှု စသည့် အရည်အသွေးများသည်လည်း အရေးကြီးလာပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်အတုဆိုတာဘာလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ဆိုသည်မှာ တရားမဝင်သော လုပ်ဆောင်ချက်တစ်ခုကို ဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် တုပထားသည့် စာရွက်စာတမ်းတစ်ခု ဖြစ်ပါသည်။ စာရွက်စာတမ်းအတုပြုလုပ်ခြင်းသည် ရာဇဝတ်မှုမြောက်ပြီး ဥပဒေအရ တရားစွဲဆိုခံရမည်ဖြစ်ပါသည်။ ထို့အပြင် **နိုင်ငံသားစိစစ်ရေးကတ်အတုများကို သုံးစွဲသူများသည် ရာဇဝတ်မှုတွင် ပါဝင်နေသည်**ကို သိရှိနားလည်ထားရပါမည်။

**ဒုစရိုက်သမားများက နိုင်ငံသားစိစစ်ရေးကတ်အတုအား မည်သည့်ရည်ရွယ်ချက်အတွက် ပြုလုပ်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်၏ နယ်ပယ်မျိုးစုံတွင် အသုံးဝင်မှုသည် ဒုစရိုက်သမားများအတွက် အမျိုးမျိုးသော လုပ်ငန်းများတွင် အသုံးချနိုင်ရန် အခွင့်အလမ်းများဖြစ်စေပါသည်။ ဒုစရိုက်သမားများအနေဖြင့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်အသုံးပြုကြပါသည်။ အထူးသဖြင့် အွန်လိုင်းလိမ်လည်မှုကျူးလွန်ရာတွင် နောက်ကြောင်း လိုက်လံစုံစမ်းခံရခြင်းမှ ရှောင်ရှားနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများကို အသုံးချကြပါသည်။

ထို့ပြင် ပြစ်မှုကျူးလွန်ထားသူများကလည်း မိမိတို့ကျူးလွန်ထားသည့်ပြစ်မှုမှ တိမ်းရှောင်ပြီး လွတ်လပ်စွာ လှုပ်ရှားသွားလာနိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ကိုင်ဆောင်အသုံးပြုလိုကြပါသည်။ ယခုအခါ ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသည့်သူများကလည်း နိုင်ငံသားစိစစ်ရေးကတ်အတုများအသုံးပြု၍ နိုင်ငံကူးလက်မှတ်လျှောက်ထားရာတွင် အသုံးပြုလာသည်ကို တွေ့ရှိရပါသည်။ ထိုသို့သော ရာဇဝတ် မကောင်းသည့် ရည်ရွယ်ချက်အမျိုးမျိုးအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်ရောင်းချသည့် ဒုစရိုက်လုပ်ငန်းလည်း ပေါ်ပေါက်လာခဲ့ပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်အတုအား ဒုစရိုက်သမားများက မည်သို့အသုံးချသလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်ခြင်းသည် တရားမဝင် ရောင်းဝယ်မှု၊ ငွေကြေးလိမ်လည်မှု၊ ခရီးသွားထောက်ခံချက်အတု၊ မမှန်ကန်သော သက်သေ အထောက်အထား တင်သွင်းခြင်း စသည့် အမျိုးမျိုးသော ရာဇဝတ်မှုများအတွက် အထောက်အကူဖြစ်စေနိုင်သည်။ အထူးသဖြင့် အွန်လိုင်းပေါ်တွင် ကိုယ်ရေးကိုယ်တာ အချက်အလက်များ ပေါက်ကြားခံရခြင်း၊ ရိုးသားသည့်ပြည်သူများအတွက် ငွေကြေးများ ဆုံးရှုံးခြင်း၊ စီးပွားရေး၊ လူမှုရေး ထိခိုက်မှုများ ဖြစ်ပေါ်စေခြင်းစသည့် အခြေအနေများသည် လက်တွေ့ဖြစ်ပေါ်နေသည့် အနေအထားဖြစ်ပြီး ထိရောက်စွာ ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့်ပြဿနာ ဖြစ်လာပြီဖြစ်သည်။

ဒုစရိုက်သမားများသည် အွန်လိုင်းလိမ်လည်မှု ကျူးလွန်ရာ၌ နိုင်ငံသားစိစစ်ရေးကတ်အတုဖြင့် ငွေစာရင်းများ၊ E-wallet များဖြစ်သည့် Mobile Pay Account များ ဖွင့်လှစ်၍ ပြစ်မှုကျူးလွန်ရာမှ ရရှိသည့်ငွေကြေးများ လွှဲပြောင်းဆောင်ရွက်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ်အတုများဖြင့် ဖွင့်လှစ်ထားသည့် ငွေစာရင်းများကို အသုံးပြု၍ လျှို့ဝှက်ငွေကြေး (Crypto Currency) များ ဝယ်ယူပြီး ငွေကြေးများ ဖုံးကွယ်နိုင်ပါသည်။ တယ်လီဖုန်း SIM Card မှတ်ပုံတင်ရာတွင်လည်း မိမိ၏ ကိုယ်ရေးအချက်အလက်များကို ဖုံးကွယ်နိုင်ရန်အတွက် နိုင်ငံသားစိစစ်ရေးကတ်အတုကို အသုံးပြုကြပါသည်။

**နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရနိုင်သည့် အန္တရာယ်များ**

ဒုစရိုက်သမားများအတွက် နိုင်ငံသားစိစစ်ရေးကတ်အတုများပြုလုပ်နိုင်ရန်မှာ အခြားသူတစ်ဦး၏ ကိုယ်ရေးအချက်အလက်များ ရရှိရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ အခြားသူတစ်ဦး၏ စစ်မှန်သည့် ကိုယ်ရေးအချက်အလက်များ ရရှိရန် ဒုစရိုက်သမားများက နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းလာကြပါသည်။ ပြည်သူများအနေဖြင့်လည်း မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်များ သို့မဟုတ် အချက်အလက်များ ခိုးယူခံရနိုင်သည့် အန္တရာယ်များကို သတိပြုရန် လိုအပ်ပါသည်။ အများအားဖြင့် ကိုယ်ရေးအချက်အလက်များ အများဆုံးပေါက်ကြားမှု ဖြစ်ပွားသည့်နေရာမှာ အင်တာနက်အွန်လိုင်းပေါ်မှပင် ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်တွင် နိုင်ငံသားစိစစ်ရေးကတ်ဓာတ်ပုံများ မျှဝေမိခြင်း၊ အတုအယောင် အက်ပလီကေးရှင်းများ / ဝက်ဘ်ဆိုက်များတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်း၊ အများသုံးဝိုင်ဖိုင်များကို အသုံးပြုစဉ် Phishing Website များမှတစ်ဆင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ထည့်သွင်းမိခြင်းဖြင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရနိုင်ပါသည်။

ထို့ပြင် အတုအယောင်ဘဏ် သို့မဟုတ် ဟန်ဆောင်ငွေရေးကြေးရေးဝန်ဆောင်မှု လုပ်ငန်းများ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ လိမ်လည်တောင်းခံမှုကြောင့် ပေးအပ်မိခြင်း၊ အတုအယောင် အလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများတွင် မိမိ၏ နိုင်ငံသားစိစစ်ရေးကတ် မိတ္တူကို ပေးအပ်၍ အလုပ်လျှောက်ထားမိခြင်းဖြင့်လည်း နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ကူးယူပေါက်ကြားခံရနိုင်ပါသည်။ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို မျှဝေခြင်းသည် **မိမိကိုယ်ကို အန္တရာယ်ပေးခြင်းနှင့်တူသည်ဖြစ်ရာ အထူးသတိထားသင့်လှပါသည်။**

**နိုင်ငံသားစိစစ်ရေးကတ်ကို ခိုးယူခံရခြင်းမှ မည်သို့ကာကွယ်သင့်သလဲ**

ပြည်သူများအနေဖြင့် မိမိအား ထုတ်ပေးထားသော တန်ဖိုးရှိလှသည့် နိုင်ငံသားစိစစ်ရေးကတ် မပျောက်ပျက်ရေးအတွက် ဂရုတစိုက်ထိန်းသိမ်းကိုင်တွယ်ရန် အရေးကြီးလှပါသည်။ ပြည်သူများအနေဖြင့် မိမိတို့၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ပေါက်ကြားခံရပြီး တလွဲအသုံးပြုခံရခြင်း မရှိစေရန်အတွက် သတိကြီးစွာထား၍ အသုံးပြုရမည်ဖြစ်ပါသည်။ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အား တရားဝင်လုပ်ငန်းကိစ္စရပ်များမှတစ်ပါး အခြားသူ တစ်ဦးတစ်ယောက်ထံ ပေးအပ်ခြင်းမပြုရန်၊ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်အား မလိုအပ်ဘဲ မိတ္တူမကူးရန်၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များကို အွန်လိုင်းပေါ်တွင် မျှဝေခြင်း မပြုရန် လိုအပ်ပါသည်။ **မိမိ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်ခြင်းသည် မိမိ၏တာဝန်ဖြစ်ပါသည်။**

**ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုနှင့် စပ်လျဉ်း၍ CDD ကို မည်သို့ ဆောင်ရွက်သင့်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတုများသည် ဒုစရိုက်သမားများအတွက် ဘဏ်ငွေစာရင်းများ၊ Kpay၊ WavePay ကဲ့သို့သော မိုဘိုင်းငွေကြေးဝန်ဆောင်မှုအကောင့်များ ဖွင့်လှစ်အသုံးချနိုင်စေရန် အခွင့်အလမ်းများဖြစ်စေပါသည်။ ဘဏ်နှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်အတုကို အသုံးပြု၍ မိမိတို့၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများအပေါ် တလွဲအသုံးချခြင်း မခံရစေရေးအတွက် ဖောက်သည်အပေါ် အလေးထားစိစစ်ခြင်း (Customer Due Diligence –CDD) လုပ်ငန်းစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်သင့်ပါသည်–

(၁) နိုင်ငံသားစိစစ်ရေးကတ်တွင် ပြင်ရာ၊ ဖျက်ရာများ ရှိ မရှိ၊

(၂) ထုတ်ပေးသည့်ကာလအပေါ် မူတည်၍ နိုင်ငံသားစိစစ်ရေးကတ် အရောင်တောက်ပနေခြင်း သို့မဟုတ် အရောင်မှေးမှိန်နေခြင်း ရှိ မရှိ၊

(၃) ဆက်သွယ်ဆောင်ရွက်သူနှင့် နိုင်ငံသားစိစစ်ရေးကတ်ပါ ဓာတ်ပုံတူညီမှု ရှိ မရှိ၊

(၄) တိုင်းဒေသကြီး/ပြည်နယ် အမှတ်စဉ်ကိန်းဂဏန်းများ၊ မြို့နယ်ကိုယ်စားပြု အတိုကောက်အမည်များ မှန်ကန်မှု ရှိ မရှိ (ဥပမာ– ၁/ မကန(နိုင်) သို့မဟုတ် ၁၂/ မကန (နိုင်)၊

(၅) ဆက်သွယ်ဆောင်ရွက်သူ၏ လက်ရှိနေရပ်လိပ်စာမှာ အမှန်တကယ်နေထိုင်ခြင်း ရှိ မရှိနှင့် နိုင်ငံသားစိစစ်ရေးကတ်တွင် ဖော်ပြထားသော လိပ်စာများ မှန်ကန်မှု ရှိ မရှိ (ဥပမာ–မြို့တစ်ခုတွင် ရပ်ကွက် ၁၂ ရပ်ကွက်သာ ရှိသော်လည်း ၁၃ ရပ်ကွက်ဟု ဖော်ပြထားခြင်း)၊

(၆) အသက်အရွယ်နှင့်စပ်လျဉ်း၍ နိုင်ငံသားစိစစ်ရေးကတ်ပါ မွေးသက္ကရာဇ်များအရ အသက်အရွယ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ အသက်အရွယ်ဖြစ်နိုင်ခြင်း ရှိ မရှိ၊

(၇) နိုင်ငံသားစိစစ်ရေးကတ်ပါ ကိုယ်တွင်ထင်ရှားသောအမှတ်အသားများ အမှန်တကယ် ရှိ မရှိ၊

(၈) နိုင်ငံသားစိစစ်ရေးကတ်အတုဟု သံသယရှိပါက သက်ဆိုင်ရာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးများ၏ ထောက်ခံစာရယူစေခြင်း သို့မဟုတ် ထုတ်ပေးထားခြင်း ရှိ မရှိ အတည်ပြုချက်ရယူခြင်း။

**နိုင်ငံသားစိစစ်ရေးကတ်အတုနှင့်စပ်လျဉ်း၍ မည်သည့်ဥပဒေများဖြင့် အရေးယူခံရနိုင်သလဲ**

နိုင်ငံသားစိစစ်ရေးကတ်အတု ပြုလုပ်လျှင်ဖြစ်စေ၊ ပြုလုပ်ရန် အားပေးကူညီလျှင်ဖြစ်စေ ၁၉၈၂ မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၂၁ အရ ထောင်ဒဏ် (၁၅) နှစ်နှင့် ငွေဒဏ် ကျခံနိုင်ပါသည်။ ထို့ပြင် ရာဇသတ်ကြီးပုဒ်မ ၄၂၀၊ ၄၆၈၊ ပုဒ်မ ၄၇၁ တို့ အရ တရားစွဲဆိုခံရနိုင်ပြီး (၇) နှစ်အထိ ထောင်ဒဏ်ကျခံရနိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။ မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်ကို ဒုစရိုက်သမား သို့မဟုတ် အကြမ်းဖက်သမားတစ်ဦးဦးအား ငှားရမ်းမိပါက ငှားလိုက်သူကာယကံရှင်အနေဖြင့် ပြစ်မှုကျူးလွန်သူကို အားပေးကူညီရာရောက်မည်ဖြစ်ပါသည်။

*စာမျက်နှာ ၁၁ သို့*

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန် ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပေးဝေမှုအခြေအနေနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန် ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှု၊ ရေပေးဝေမှု အခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုက်ကြီးမြို့နယ် ဂျိုးဖြူရေလှောင်ကန် ကြံ့ခိုင်မှု၊ ရေသိုလှောင်ထားရှိမှုနှင့် ရေပေးဝေမှု အခြေအနေများနှင့်တိုက်ကြီးမြို့နယ် မွေးမြူရေးဇုန်အနီးရှိ သနပ်ချောင်းပိတ် ရေလှောင်တမံအတွင်း ရေသိုလှောင်ထားရှိမှု၊ ရေပိုလွှဲမှ ရေထုတ်လွှတ်နေမှုနှင့် ရေလှောင်တမံကြံ့ခိုင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။



ထို့နောက် ဦးကဲ၏ မွေးမြူရေးခြံတွင် ဒေသနွားအကောင် ၅၀၊ ဆိတ် ၂၆၂ ကောင်၊ နွားအကောင် ၄၀ မွေးမြူထားရှိမှုကိုလည်းကောင်း၊ National Wood နွားမွေးမြူရေးခြံတွင် အကောင်၂၅၀ မွေးမြူထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလုပ်ကိုင်သူများ၏ တင်ပြချက်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ကျိုက်မရောမြို့နယ်၌ ပါဠိပထမပြန် စာမေးပွဲများ ဆက်လက်ကျင်းပ

**ကျိုက်မရော ဇွန် ၈**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို စတုတ္ထနေ့အဖြစ် ဆုတောင်းပြည့်ဘုရားကြီးရှိ သာသနဗိမာန်တော်ကြီး စာဖြေဌာန၌ ဆက်လက်ကျင်းပလျက်ရှိပြီး ပထမကြီးတန်းတွင် သုံးပါး၊ ပထမလတ်တွင် ၁၈ ပါး၊ ပထမငယ်တွင် ၄၇ ပါး၊ အခြေပြုမူလတန်း၌ ၁၁၇ ပါး စုစုပေါင်း ၁၈၅ ပါး ဝင်ရောက်ဖြေဆိုကြသည်။

အဆိုပါ စာမေးပွဲကို ဇွန် ၄ရက်မှ ၁၀ ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး သံဃာတော်များ အေးချမ်းစွာဖြေဆိုနိုင်ရန် ကျိုက်မရောမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးဦးနှင့် အဖွဲ့ဝင်များ၊ သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကြီးကြပ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာများက နေ့စဉ်နေ့ဆွမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ဇနိုဖြူမြို့နယ်၌ သက်မွေးမြှင့်တင်ရေးစီမံကိန်းဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလုပ်ကိုင်

**ဇနိုဖြူ ဇွန် ၈**

ကျေးလက်ဒေသ အခြေခံ အိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်း မြှင့်တင်ရေး စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက ဇနိုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများက ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာနှင့် ဇနိုဖြူမြို့နယ် ရိုးကြီးကျေးရွာများသို့ သွားရောက်ကွင်းဆင်း လေ့လာကြကြောင်း သိရသည်။

ကျေးရွာများသို့ ရောက်ရှိစဉ် ခရိုင်ဦးစီးမှူးက စီမံကိန်း ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်နှင့် အားနည်းချက်၊ အားသာချက်များ ဖော်ထုတ်ပြီး ပိုမိုအောင်မြင်စွာ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ယခုလို လေ့လာရေးခရီးစဉ်ကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဒေသခံများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် ကျေးရွာကော်မတီဝင်များက ဆက်လက်ဆောင်ရွက်မည့် အခြေအနေများ၊ စည်းမျဉ်း စည်းကမ်းများနှင့် စီမံခန့်ခွဲမှုနှင့် ဘဏ္ဍာရေးဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် တာဝန်ရှိသူများက မိသားစုဝင်ငွေတိုး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက် ထားရှိမှုများကို လေ့လာကြသည်။



ဇနိုဖြူမြို့နယ်၌ အဆိုပါ စီမံကိန်းကို ပထမစက်ဝန်း၌ အခြေခံအိမ်ထောင်စု ၃၀ ဖြင့် စတင်ပြီး ဒုတိယစက်ဝန်းတွင် ၁၅ စု၊ တတိယစက်ဝန်းတွင်ခုနစ်စု ထပ်ပွားခဲ့သဖြင့် စုစုပေါင်း အိမ်ထောင်စု ၅၂ စုဖြင့် အောင်မြင်စွာ လည်ပတ်ဆောင်ရွက်လျက်ရှိပြီး ညောင်တုန်းမြို့နယ် အုန်းပင်စုကျေးရွာ၌ အဆိုပါ စီမံကိန်းကို ယခု ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပထမစက်ဝန်း၌ အိမ်ထောင်စု ၄၅ စု၊ ဒုတိယ စက်ဝန်းတွင် ၂၂ စု၊ တတိယ စက်ဝန်းတွင် ၁၁ စု စုစုပေါင်း အိမ်ထောင်စု ၇၈ စုအထိ စဉ်ဆက်မပြတ်လည်ပတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မအူပင်ခရိုင် ဦးစီးမှူး ဦးအောင်ကျော်ဦးထံက သိရသည်။

မောင်ခိုင်



မြေဆီလွှာအာဟာရ ဖွံ့ဖြိုးထက်သန်ရေးအတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာထည့်သွင်းပေးခြင်းကို မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရှမ်းတောင်ဦးကျေးရွာ တောင်သူ ဦးအောင်နိုင်ဦး၏ ကွင်းအမှတ်(၂၂၈-က)၌ ဇွန် ၇ ရက်တွင် ကျင်းပရာ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနက ဒုတိယညွှန်ကြားရေးမှူး ဦးချစ်ဆွေဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်တို့က ကြည့်ရှုစဉ်။

ခရိုင်(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

မိမိ၏ နိုင်ငံသားစိစစ်ရေးကတ်နှင့် ကိုယ်ရေးအချက်အလက်များ ကူးယူအတုပြုလုပ်ခံရပြီး ဒုစရိုက်လုပ်ငန်းများတွင် အသုံးချခံရပါက မလိုလားအပ်သည့် စုံစမ်းစစ်ဆေးမှုများ ခံရနိုင်ပါသည်။ သို့ဖြစ်ရာ နိုင်ငံသားစိစစ်ရေးကတ်အတုများသည် မိမိအား အမှုအခင်းပြဿနာများထဲသို့ ဆွဲခေါ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါသည်။

ပြည်သူများအနေဖြင့် အခြားသူတစ်ဦးတစ်ယောက်၏ နိုင်ငံသားစိစစ်ရေးကတ်အား ကောက်ရ/တွေ့ရှိပါက သက်ဆိုင်ရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူးရုံးသို့ သွားရောက်အပ်နှံရမည်ဖြစ်ပါသည်။ နိုင်ငံသားစိစစ်ရေးကတ် (ပျောက်ဆုံး) ပါက နီးစပ်ရာ ရဲတပ်ဖွဲ့စခန်းသို့ တိုင်ကြားပြီး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှူးရုံးသို့ မိတ္တူထုတ်ပေးခွင့်ကို ကိုယ်တိုင်လျှောက်ထားရမည်။

အချုပ်အားဖြင့်ဆိုသော် နိုင်ငံသားစိစစ်ရေးကတ်အတုများ ပြုလုပ်ခြင်းနှင့် အသုံးပြုခြင်းသည် ဥပဒေချိုးဖောက်မှုများ တိုးပွားလာစေနိုင်ပြီး အွန်လိုင်းလိမ်လည်မှုများအား အားဖြည့်ပေးနိုင်သည့်အပြင် နိုင်ငံတော်၏လုံခြုံရေးနှင့် ပြည်သူ့ယုံကြည်မှုကိုပါ ထိခိုက်စေနိုင်ပါသည်။ ထို့ကြောင့် ပိုမိုကောင်းမွန်သော လူမှုအသိုက်အဝန်းတစ်ခု တည်ဆောက်ရန်အတွက် နိုင်ငံသားတိုင်းသည် မိမိအား ထုတ်ပေးထားရှိသည့် နိုင်ငံသားစိစစ်ရေးကတ်များ၏ အရေးပါမှုကို နားလည်သိရှိပြီး တာဝန်ရှိရှိ ထိန်းသိမ်းအသုံးပြုသင့်ပါကြောင်း တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## ပခုက္ကူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ကျောင်းသား ကျောင်းသူ ၂၉၀၀၀ ကျော် တက်ရောက်သင်ကြား

**ပခုက္ကူ ဇွန် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်မှ စတင်ပြီး ဖွင့်လှစ်သင်ကြားလျက်ရှိသည်။



ပခုက္ကူမြို့နယ် အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းပေါင်း ၁၃၅ ကျောင်းအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ငါးကျောင်းနှင့် ကိုယ်ပိုင်ကျောင်း ၁၄ ကျောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိပြီး ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၉၇၃၅ ဦး တက်ရောက်လျက်ရှိကြောင်း မြို့နယ်ပညာရေးမှူးရုံးက သိရသည်။

မြို့နယ်(ပြန်/ဆက်)

**PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်**

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## လယ်ဝေးမြို့နယ်နှင့် ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ သမိုင်းဝင်ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံ

**နေပြည်တော် ဇွန် ၈**

နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးသည် ယနေ့ နံနက်ပိုင်းက လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာ လှပရေး၊ ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့စွာ ပညာသင်ကြားနိုင်ရေး၊ သွေးလွန်တုပ်ကွေး စသည့်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အပတ်စဉ်မပျက်မကွက် ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဝင်သည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူရနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်အတူ လယ်ဝေးမြို့နယ် မြွေရိုးလေးကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် တင်ဒါအောင်ကုမ္ပဏီက ပေ(၆၀ x ၃၀) ယာယီကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးအတွက် အရည်အသွေးပြည့်မီစွာ အမြန်ဆုံးဆောက်လုပ်ပြီးစီးရေး ဆွေးနွေးမှာကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်သည် လယ်ဝေးမြို့ သမိုင်းဝင်ဖောင်တော်ချက်မဘုရားနှင့် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ရွှေလက်လှဘုရားတို့တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ပြန်လည်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေးကာ ငလျင်ဘေးသင့်ဘုရား၊ ကျောင်း၊ ကန်၊ သာသနိက အဆောက်အအုံများ ပြန်လည်မွမ်းမံတည်ဆောက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ လုပ်ထုံးလုပ်နည်းများ၊ ငလျင်ပညာရှင်များ၊ အင်ဂျင်နီယာအသင်း ပညာရှင်များ၊ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော်မတီတို့၏ စစ်ဆေးအတည်ပြုချက်များနှင့်အညီ မွမ်းမံပြုပြင်တည်ဆောက်ရမည်ဖြစ်ကြောင်း၊ စနစ်တကျဖြစ်စေရန်အတွက် ပြုပြင်မွမ်းမံရေးကော်မတီများဖွဲ့စည်း၍ ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။



ယင်းနောက် နေပြည်တော်ကောင်စီဝင်သည် ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင် သာသနာ့လင်္ကာရဗိမာန်၌ သံဃာ ၁၄၉ ပါးနှင့် သီလရှင် ၁၂ပါး စုစုပေါင်း ၁၆၁ ပါး ပါဠိပထမပြန်စာမေးပွဲ ဖြေဆိုနေမှုကို သွားရောက်ကြည်ညို၍ အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန် /ဆက်)**

## လှိုင်းဘွဲ၌ တိုင်းရင်းသားရေးရာနှင့် လူငယ်ရေးရာအသိပညာပေး



**လှိုင်းဘွဲ ဇွန် ၈**

တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာ လိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာအသိပညာပေးခြင်း အစီအစဉ်ကို ဇွန် ၆ ရက်က လှိုင်းဘွဲမြို့နယ် ကွမ်တာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ခန်းမ၌ ကျင်းပရာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကား ပြောကြားပြီး ကျောင်းသား ကျောင်းသူများ အတွက် တိုင်းရင်းသားဘာသာသင် ပုံပြ/ပုံပြင် စာအုပ်များ၊ အားကစားပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် ပြည်နယ်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ခန့်ထားမှုအခြေအနေနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သက်ဆိုင်ရာခေါင်းစဉ်များအလိုက် အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူများအား ဗဟုသုတဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး လက်ဆောင်များ ပြန်လည်ပေးအပ်ခြင်း၊ ဒေသ၏ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်မှု ဆန်းစစ်ချက်မေးခွန်းစစ်တမ်းများ မေးမြန်းဖြေဆိုခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(တိုင်းရင်းသား)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ အခွန်ဆိုင်ရာအသိပညာပေး

**ရန်ကုန် ဇွန် ၈**

မင်္ဂလာတောင်ညွန့်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနမှ ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပရာ မြို့နယ်အခွန်ကောက်မှု အထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးမှူးက တည်ဆဲအခွန်ဥပဒေများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**



## မိုင်းဆတ်မြို့နယ်၌ RBF စီမံကိန်းရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေး

**မိုင်းဆတ် ဇွန် ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်းရန်ပုံငွေများ တတိယအကြိမ် ထုတ်ချေးခြင်းအခမ်းအနားကို ယမန်နေ့က ကျင်းပရာ ခရိုင်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က အမှာစကားပြောကြားကာ စီမံကိန်းတာဝန်ခံများက စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြီး ကျေးရွာစီမံကိန်းလုပ်ငန်းကော်မတီထံသို့ ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ခရိုင်နှင့် မြို့နယ်တာဝန်ရှိသူများက မယ်နင်ကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိုးစပါးစိုက်ပျိုးမည့် မိုးတိမ်ပြာ၊ ဒို့ကျေးရွာ၊ စိမ်းလန်းစိုပြည်နှင့် ကွင်းပြင်သာယာအဖွဲ့တို့အား တစ်ဖွဲ့လျှင် စီမံကိန်းရန်ပုံငွေကျပ် ၇ ဒသမ ၅ သန်း စုစုပေါင်း ငွေကျပ်သန်း ၃၀ နှင့် ထည့်ဝင်ငွေ ၂၂ ဒသမ ၁၈ သန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**



## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှု ကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင် ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။

အမုန်းစကား ဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်၌ တည်ထားကိုးကွယ်မည့် ရွှေဘုံသာစေတီတော်အသစ်အား မြေသန့်ပရိတ်ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်



**နေပြည်တော် ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် လေးကျွန်းမာရ်အောင် ဘုရားပုရိဝုဏ်အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသည့် ရွှေဘုံသာစေတီတော်မြတ်ကြီးအား အသစ်ပြန်လည်တည်ထားကိုးကွယ်မည့် မြေနေရာ မြေသန့်ပရိတ်ပူဇော်ပွဲကို ယနေ့နံနက်ပိုင်းတွင် ပြုလုပ်ရာ အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ မဟာဂန္ထဝါစက ပဏ္ဍိတဓမ္မကထိကဗဟုဇနဟိတဓရအဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ၊ စည်သူဘွဲ့ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ ဆေကိန္ဒ အမှူးပြုသော သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို "နမောတဿ"သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ဖွင့်လှစ်ပြီး ရတနာဓမ္မဝံချောင်ကျောင်းတိုက်၏ဩဝါဒါစရိယ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇောတိကထံမှ ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက မြေသန့်ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြသည်။ ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသူများက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းချ အမျှဝေကြသည်။ ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သက်ပိုင်နှင့် တက်ရောက်လာကြသူများက သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇွန် ၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့်ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်း အပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ခု ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၉-၆-၂၀၂၅ ရက်မှ ၁၈-၇-၂၀၂၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား)များ အနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
- အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
- အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
- ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
- အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
- အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
- ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
- အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
- မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
- အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
- အကွက်အမှတ် (၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း - ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

## ရန်ကုန်-ပုသိမ် လမ်းမကြီးတိုးချဲ့ရာတွင် မလွတ်ကင်းသောဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်မည့်အခြေအနေ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇွန် ၈**

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ဇွန် ၈ ရက် နံနက်ပိုင်းက လှိုင်သာယာ (အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်များအတွင်းရှိ ရန်ကုန်-ပုသိမ် (အမှတ်-၅)လမ်းမကြီးတစ်လျှောက် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းနိုင်မည့် အခြေအနေနှင့် လှိုင်သာယာစက်မှုဇုန်ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ထို့နောက် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ် လမ်းတိုးချဲ့ခြင်းနှင့် မလွတ်ကင်းသော ၁၁ ကေဗွီ မြို့တွင်း လိုင်းဟောင်းဖီဒါနှင့် စက်မှုဇုန် (၄) တိုးချဲ့ဖီဒါတို့ကို မင်းကြီးမဟာ မင်းခေါင်လမ်းအတိုင်း ပြောင်းရွှေ့တည်ဆောက်မည့် လမ်းအူကြောင်းတစ်လျှောက် အခြေအနေများ၊ ၃၃ ကေဗွီ လှိုင်သာယာ - နဝဒေးဖီဒါနှင့် ရွှေသံလွင်ဖီဒါ နှစ်ထပ်ဓာတ်အားလိုင်း ရွှေ့ပြောင်းတည်ဆောက်ရန် ရွှေသံလွင်စက်မှုဇုန်နှင့် ရွှေကမ်းသာယာအိမ်ရာအတွင်းရှိ ဓာတ်အားလိုင်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ယင်းနောက် လှိုင်သာယာ စက်မှုဇုန်(၁၊၂၊၃၊၄)၊ ရွှေသံလွင်စက်မှုဇုန်၊ အနော်ရထာစက်မှုဇုန်နှင့် မြစိမ်းရောင် စက်မှုဇုန်များသို့ ဓာတ်အား ဖြန့်ဖြူးပေးထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ၊ ၃၃/၁၁ ကေဗွီ ရွှေကမ်းသာယာ ဓာတ်အားခွဲရုံ၊ အနော်ရထာ ဓာတ်အားခွဲရုံ၊ မြစိမ်းရောင်ဓာတ်အားခွဲရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင်**

## ကွမ်းခြံကုန်းမြို့နယ် ဒရယ်လူးကျေးရွာ၌ RBF စီမံကိန်းဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှုစစ်ဆေး

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဒရယ်လူးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်း ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်သက်ဦး၊ ကွမ်းခြံကုန်း မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် ဒရယ်လူးကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် ကျေးလက်ချမ်းသာအဖွဲ့၊ ပလောင်တောင်မွှေးအဖွဲ့၊ ကွမ်းစိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်သည့် အောင်ဇမ္ဗူကျော်အဖွဲ့နှင့် နွေစပါး စိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်သည့် မေတ္တာရေစင်အဖွဲ့များမှ ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်**

# အီလွန်မက်စ်နှင့် ဆက်ဆံရေးပြီးဆုံးသွားပြီဟု အမေရိကန်သမ္မတ ထရမ့်ပြော

**နယူးယောက် ဇွန် ၈**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ၎င်းနှင့် ဘီလျံနာသူဌေးကြီး အီလွန်မက်စ်တို့၏ ဆက်ဆံရေးကို ပြင်ဆင်သွားရန် စိတ်ကူးမရှိဟု ဇွန် ၇ ရက်က ပြောကြားခဲ့သည်။

လူမှုကွန်ရက်မီဒီယာပေါ်တွင် နှစ်ဦးသား အပြန်အလှန် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးနောက် ၎င်းတို့နှစ်ဦး၏ ဆက်ဆံရေးမှာ ပြီးဆုံးသွားခဲ့ပြီဟု ဖော်ပြခဲ့သည်။ အင်န်ဘီစီ နယူးစ်နှင့် ဖုန်းအင်တာဗျူး၌ ထရမ့်က အီလွန်မက်စ်နှင့် မကြာမီ စကားပြောရန် အစီအစဉ်မရှိကြောင်း၊ အခြားကိစ္စများ လုပ်ကိုင်နေရသည့်အတွက် အလုပ်များနေကြောင်း ပြောကြားခဲ့သည်။

တက်စလာနှင့် SpaceX ကုမ္ပဏီတို့၏ စီအီးအိုဖြစ်သော အီလွန်မက်စ်နှင့် ဆက်ဆံရေး ပြီးဆုံးသွားပြီလားဟု ထရမ့်ကို မေးမြန်းရာ ထရမ့်က ဟုတ်မှန်ကြောင်းဖြေကြားခဲ့ပြီး အီလွန်မက်စ်က သမ္မတရုံးကို မထီမဲ့မြင်ပြုလုပ်သည်ဟု စွပ်စွဲခဲ့သည်။

အခွန်ဆိုင်ရာနှင့် အစိုးရအသုံးစရိတ်ဆိုင်ရာ အဆိုမူကြမ်း (One Big Beautiful Bill ) ကို ဆန့်ကျင်မည့် ဒီမိုကရက်တစ် အမတ်များကို မက်စ်က ဘဏ္ဍာရေးထောက်ပံ့ပါက ကြီးမားသည့် အကျိုးဆက်ကို ခံစားရမည်ဟု ထရမ့်က အင်တာဗျူးတွင်ပြောသည်။ မည်သည့်အကျိုးဆက်ဖြစ်ကြောင်းကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိချေ။

ထရမ့်နှင့် အီလွန်မက်စ်တို့ကြား ရန်ပွဲမှာ One Big Beautiful Bill အဆိုမူကြမ်းမှ စတင်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**





# အစ္စရေး ဘင်ဂူရီယန်လေဆိပ်၌ ခရီးသည် ၅၀ ရာခိုင်နှုန်းတိုးလာ

**ဂျေရုဆလင် ဇွန် ၈**

အစ္စရေးနိုင်ငံ ဘင်ဂူရီယန် လေဆိပ်မှတစ်ဆင့် နိုင်ငံတကာခရီးသည်များ သွားလာမှုမှာ ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်လျှင် ၂၀၂၅ ခုနှစ်ပထမငါးလအတွင်း ၅၀ ရာခိုင်နှုန်းမြင့်တက်လာခဲ့ကြောင်း အစ္စရေးလေဆိပ် အာဏာပိုင်အဖွဲ့က ဇွန် ၈ ရက်တွင် ပြောသည်။

ဇန်နဝါရီလမှ မေလအတွင်း လေဆိပ်သို့ခရီးသည် စုစုပေါင်း ၆ ဒသမ ၈၇ သန်း သွားလာခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလတွင် ခရီးသွား ၄ ဒသမ ၅၈ သန်း လာရောက်ခဲ့သည်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် လက်ဘနွန်နယ်စပ်တစ်လျှောက် ဟစ်ဇ်ဘိုလာနှင့် အပစ်အခတ်ရပ်စဲရေးပြုလုပ်ခဲ့ပြီးနောက် နိုင်ငံတကာလေကြောင်းလိုင်းများ အစ္စရေးနိုင်ငံသို့ တဖြည်းဖြည်း ပြန်လည်ရောက်ရှိလာသည့်အတွက် ယခုကဲ့သို့ လေဆိပ်သို့ဝင်ရောက်သည့် ခရီးသွားဦးရေ တိုးလာခြင်းဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# လာအိုနိုင်ငံ၌ မေလအတွင်း ယာဉ်မတော်တဆမှုကြောင့် လူပေါင်း ၇၀ ထက်မနည်းသေဆုံး

**ဗီယင်ကျန်း ဇွန် ၈**

လာအိုနိုင်ငံတစ်ဝန်း မေလအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားသဖြင့် လူပေါင်း ၇၀ ထက်မနည်း သေဆုံးခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းများမှာ ယာဉ်ကို အရှိန်လွန်မောင်းနှင်ခြင်း၊ ရုတ်တရက်လမ်းကြောင်းပြောင်းခြင်းနှင့် အရက်မူးပြီး မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း ဒေသတွင်းမီဒီယာများက ဇွန် ၈ ရက်တွင် ထုတ်ပြန်ထားသည်။

လာအိုနိုင်ငံတစ်ဝန်း မေလအတွင်း ယာဉ်မတော်တဆမှုပေါင်း ၅၃၂ မှုဖြစ်ပွားရာ လူပေါင်း ၈၀၀ ဒဏ်ရာရရှိပြီး ၇၀ ထက်မနည်း သေဆုံးကြောင်းနှင့် ယာဉ် ၉၃၁ စီး ပျက်စီးခဲ့ရကြောင်း လာအိုဖာထနာ သတင်းဝက်ဘ်ဆိုက်က ထုတ်ပြန်ထားသည်။

အလားတူ ၂၀၂၄ ခုနှစ် မေလက လာအိုနိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှုပေါင်း ၅၁၃ မှု ဖြစ်ပွားသဖြင့် လူပေါင်း ၇၉၉ ဦး ဒဏ်ရာရရှိကာ ၇၇ ဦး သေဆုံးကြောင်း၊ ယာဉ် ၈၈၉ စီးလည်း ပျက်စီးခဲ့ရကြောင်း သိရသည်။ ယာဉ်ထိန်းရဲတပ်ဖွဲ့က ယာဉ်စည်းကမ်းကို တိကျစွာလိုက်နာရန် ယာဉ်မောင်းများအား တိုက်တွန်းထားသည်။

**ဆင်ဟွာ**



# အီရတ်နိုင်ငံအနောက်ပိုင်း၌ အစာအဆိပ်သင့်မှုကြောင့် လူ ၄၀ ခန့် ဆေးရုံတက်ရ

**ဘဂ္ဂဒက် ဇွန် ၈**

အီရတ်နိုင်ငံ အနောက်ပိုင်း ဖော်လူဂျာတွင် အစာအဆိပ်သင့်သည်ဟု သံသယရှိသည့်လူနာ ၄၀ ခန့် ဆေးရုံတင်ထားရပြီးနောက် အာဏာပိုင်များက ဒေသတွင်း အသင့်စား စားသောက်ဆိုင်ကို ပိတ်ပစ်ခဲ့ကြောင်း ကျန်းမာရေးအရာရှိများက ဇွန် ၇ ရက်တွင် ပြောသည်။

စားသောက်ဆိုင်မှ မသန့်ရှင်းသည့် အသားများ စားသုံးခဲ့သည့်အတွက် အစာအဆိပ်သင့်မှု ဖြစ်ပွားရခြင်းဖြစ်ကြောင်း အန်ဘာပြည်နယ် ကျန်းမာရေးညွှန်ကြားမှုဦးစီးဌာနက ပြောသည်။

ဆေးကုသမှုခံယူရသည့်ဦးရေများပြားလာသည့်အတွက် အစာအဆိပ်သင့်မှု ဖြစ်ပွားသည့်ဦးရေ တိုးလာနိုင်သေးကြောင်း ကျန်းမာရေးအာဏာပိုင်များက သတိပေးထားသည်။ အာဏာပိုင်များသည် ခါတ်ခွဲစမ်းသပ်ရန် စက်ရုံအတွင်းမှ အစားအသောက်များကို သိမ်းဆည်းခဲ့ကြောင်း၊ ဒေသဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ စုံစမ်းစစ်ဆေးမှု ပြုလုပ်ထားကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

စစ်ဆေးမှု ရလဒ်များအရ ပေါ့ဆမှု သို့မဟုတ် ကျန်းမာရေးဆိုင်ရာ စည်းမျဉ်းချိုးဖောက်ကြောင်း အတည်ပြုနိုင်ပါက ဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဌာနက ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# ပါကစ္စတန်နိုင်ငံ၌ ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲမှုဖြစ်ပွား မိသားစုဝင် ခြောက်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဇွန် ၈**

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာပခ်ွတွန်ခွာပြည်နယ်၌ ဇွန် ၇ ရက်က ဓာတ်ငွေ့ဆလင်ဒါပေါက်ကွဲသဖြင့် မိသားစုဝင်ခြောက်ဦး သေဆုံးပြီး နှစ်ဦးပြင်းထန်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် နှစ်ထပ်အိမ်ပြိုကျခဲ့ကာ ခြောက်ဦးသေဆုံးကြောင်း၊ မိန်းကလေးနှစ်ဦးမှာ ဒဏ်ရာစိုးရိမ်ရကြောင်း၊ သေဆုံးသူများနှင့် ဒဏ်ရာရရှိသူများကို ကယ်ဆယ်ရေးအဖွဲ့များက အပျက်အစီးများအောက်မှ ဆွဲထုတ်ခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဘီလာအာမက်ဖိုင်ဇီက ပြောကြားသည်။

ကယ်ဆယ်ရေးသမား ၁၀၀ ကျော်က ကယ်ဆယ်ရေးလုပ်ငန်းများကို ခုနစ်နာရီကြာပြုလုပ်ခဲ့ရကြောင်း၊ ဆလင်ဒါပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို မသိရှိရသေးသော်လည်း ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားရခြင်းဖြစ်နိုင်ကြောင်း ၎င်းက ဆက်ပြောသည်။

**ဆင်ဟွာ**

# အာဖဂန်နစ္စတန်နိုင်ငံ၌ မီးလောင်မှုကြောင့် ဈေးဆိုင်ပေါင်း ၂၀၀ ပျက်စီး

**ကဘူးလ် ဇွန် ၈**

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်ကဘူးလ်၌ တစ်ပတ်ရစ် အထည်ဈေး၌ ဇွန် ၈ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားကြောင်း ပြည်တွင်းမီဒီယာ Ariana သတင်းက ထုတ်ပြန်ထားသည်။

**ဈေးဆိုင် ၂၀၀ ပျက်စီး**

ကဘူးလ်မြို့ အနောက်ပိုင်း၌ ဒေသစံတော်ချိန် နံနက် ၉ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ရာ ဈေးဆိုင် ၂၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း ဆိုင်ရှင်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**စိုးရိမ်မှုများ မြင့်တက်လာ**

အဝေးမှ မီးခိုးလုံးကြီးများကို မြင်တွေ့ရသဖြင့် ကဘူးလ်မြို့ဒေသခံများအကြား စိုးရိမ်မှုများ မြင့်တက်လာခဲ့သည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

အလားတူ မေ ၁၆ ရက်ကလည်း ခွန်ဒပ်ပြည်နယ် မြောက်ပိုင်းရှိ ဈေးမီးလောင်မှုဖြစ်ပွားခဲ့ရာ ဆိုင်ခန်းပေါင်းများစွာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါ စသည့်အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်း မရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်း ပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လတ်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

- လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း စသည့်လက္ခဏာများရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
  - (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) အား စနစ်တကျ ဝတ်ဆင်ခြင်း၊
  - (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
  - (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
- တစ်ကိုယ်ရေကာကွယ်ရေး နည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
- ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည် အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

(၈ - ၅ - ၂၀၂၅)

## MNL ယူ-၂၁ လိဂ်တွင် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း ရှုံးပွဲမရှိမှတ်တမ်းနှင့်အတူ ဒုတိယနေရာရောက်လာ

**ရန်ကုန် ဇွန် ၈**

MNL ယူ-၂၁ လိဂ်ပြိုင်ပွဲ ပွဲစဉ် (၇) နောက်ဆုံးနေ့ကို ဇွန် ၈ ရက်က ပဒုမ္မာကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရခဲ့သည်။

ယမန်နေ့က ကစားသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်း ပထမဆုံးရှုံးပွဲကြုံတွေ့ခဲ့သော်လည်း လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် ခုနစ်ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ဆက်ထိန်းကာ နိုင်ပွဲနှင့်အတူ ဒုတိယနေရာ ရောက်လာသည်။ ထို့ကြောင့်ရှမ်းယူနိုက်တက်အသင်းသည် ယခုရာသီတွင် MNL ယူ-၂၁ လိဂ်၌ တစ်သင်းတည်းသော ရှုံးပွဲမရှိအသင်းအဖြစ် ရပ်တည်နေသည်။

မဟာယူနိုက်တက်အသင်းမှာမူ ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်းမရှိသေးဘဲ ခုနစ်ပွဲဆက် အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၃၆၊ ၈၃ မိနစ်တွင် ကောင်းခန့်ဟိန်းက ဟက်ထရစ်သွင်းယူပြီး ၃၂ မိနစ်တွင် အောင်ထက်ပိုင်နှင့် ၈၅ မိနစ်တွင် ခွန်လာလေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ၁၆ မှတ်စီ၊ ရာမည ယူနိုက်တက်အသင်းက ၁၃ မှတ်၊ Junior Lions အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ကိုးမှတ်၊ ရောဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်စီ၊ ရတနာပုံ၊ Falcon နှင့် ဟံသာဝတီ ယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Dagon Port အသင်းက တစ်မှတ်ရထားပြီး မဟာယူနိုက်တက်အသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ ရဲရင့်လွင်



ရှမ်းယူနိုက်တက်အသင်းနှင့် မဟာယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

ဓာတ်ပုံ - MNL

## မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း မလေးရှားကလပ် ဆာဘားအသင်းနှင့် သက်တမ်းတိုး

**ရန်ကုန် ဇွန် ၈**

မြန်မာ့လက်ရွေးစင် အမျိုးသမီးတိုက်စစ်မှူး ဝင်းသိင်္ဂီထွန်းသည် မလေးရှားကလပ် ဆာဘားအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆိုထားသည်။

ဝင်းသိင်္ဂီထွန်းသည် ပြီးခဲ့သည့်နှစ်ကတည်းက ဆာဘားအသင်းတွင် သွားရောက်ကစားခဲ့သူဖြစ်ပြီး ဧပြီလလယ်မှ ဒီဇင်ဘာလအထိ စာချုပ်သစ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် နီပေါလေးနိုင်ငံ ဖိတ်ခေါ်ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်အသင်းနှင့် ချန်ပီယံဆုရပြီး နှစ်လနီးပါးအကြာတွင် ဆာဘားအသင်းနှင့် ပြန်လည်ပူးပေါင်းနေခြင်းဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် ဆာဘားအသင်းနှင့်အတူ မလေးရှား ပြည်တွင်းလိဂ်နှင့် အာရှအမျိုးသမီးချန်ပီယံလိဂ်ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီးဘောလုံးသမားများတွင် ပထမဆုံးပြည်ပထွက်ကစားသူအဖြစ် မှတ်တမ်းဝင်ထားပြီး အိန္ဒိယ၊ ထိုင်းနှင့် မလေးရှားကလပ်အသင်းများတွင် ကစားခဲ့သူဖြစ်သည်။

ဝင်းသိင်္ဂီထွန်းသည် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းအတွက် ဂိုးအများဆုံးသွင်းယူထားသူဖြစ်သလို လက်ရွေးစင်အသင်းတွင် ကာလရှည်ရွေးချယ်ခံထားရသူဖြစ်သည်။



ညီမြတ်သော်တာ

ဓာတ်ပုံ - Sabah FC



## ရေနံချောင်းမြို့နယ်၌ ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်

**ရေနံချောင်း ဇွန် ၈**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြလေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက ညောင်လှရပ်ကွက် ကမ်းနားရပ် ရောဝတီမြစ်အတွင်း၌ ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန်နှင့် သန္ဓေတပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေးသုံး Robot Rescue စက်ဖြင့်လည်းကောင်း၊ ကယ်ဆယ်ရေးစက်လှေဖြင့်လည်းကောင်း စမ်းသပ်မောင်းနှင်ကာ ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဆောင်ရွက်သည်။ ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများက ရေဘေးအန္တရာယ်ကြုံတွေ့သူအား ရှေးဦးသူနာပြုစုနည်းများကို သရုပ်ပြလေ့ကျင့် ဆောင်ရွက်ကြရာ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

○ *ကျောဖုံးမှ*

ဘရူနိုသည် ပထမအချိအစတွင် ခြေကန်ချက်များဖြင့် တုံ့ပြန်သော်လည်း ဂျိုရှုအာဗန်က အကောင်းဆုံးတုံ့ပြန်နိုင်ခဲ့ပြီး ဘယ်ညာတွဲလုံးလက်သီးများက ဘရူနိုမျက်နှာကို ဆက်တိုက်ကျရောက်ခဲ့သည်။ တတိယအချီတွင် အသက်အရွယ်ရလာသည့် ဘရူနို သက်လုံကျလာ၍ ဂျိုရှုအာဗန် ပိုသာလာပြီး လက်သီးချက်များ ဆက်တိုက်ပစ်သွင်းကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျိုရှုအာဗန်သည် ပရော်ဖက်ရှင်နယ်ကစားသမားဘဝ ၁၆ ပွဲမြောက် ထိုးသတ်ရာတွင် ၁၄ ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ-UFC

လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီတာခ ပိုကျစေပါ၍ အသုံးလိုမှ ဖွင့်ပါ။

# တက္ကသိုလ်နှင့် ဒေသအကျိုးပြု လက်တွေ့သုတေသန

ကျွန်တော်သည် ၁၉၇၃ ခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲကို သင်္ချာ၊ ရူပဗေဒဘာသာဂုဏ်ထူးဖြင့် အောင်မြင်ပြီး မန္တလေးဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ယခု မန္တလေးတက္ကသိုလ်) တွင် ရူပဗေဒဘာသာ အဓိက ဖြင့် တက်ရောက်ခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် ရူပဗေဒဘာသာတွဲကို ငါးဘာသာဂုဏ်ထူး အထူးအောင်ဖြင့် အောင်မြင်ခဲ့ပြီး မဟာသိပ္ပံဘွဲ့ကိုလည်းကောင်း၊ ပါရဂူဘွဲ့ကိုလည်းကောင်း မန္တလေးတက္ကသိုလ်မှ ရရှိခဲ့ပါသည်။

*ဒေါက်တာသန့်စင်(ရူပဗေဒ)*

၁၉၈၀ ပြည့်နှစ်တွင် မဟာသိပ္ပံဘွဲ့ရရှိပြီး တက္ကသိုလ်ဆရာအဖြစ် စစ်တက္ကသိုလ်တွင် စတင်တာဝန်ထမ်းဆောင်ခဲ့ကာ မုံရွာတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ ဟင်္သာတတက္ကသိုလ် စသည်တို့တွင် ပါမောက္ခတာဝန်အထိ ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၇ ခုနှစ်တွင် ပညာရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန်ဖြင့် သက်ပြည့်အငြိမ်းစားယူခဲ့ပါသည်။ ဝန်ထမ်းသက် ၃၇ နှစ် ကြာမြင့်ခဲ့ပါသည်။ တက္ကသိုလ်ဆရာဘဝတွင် သုတေသနလုပ်ငန်းများကို စိတ်ပါဝင်စား၍ ကိုယ်တိုင်ဦးဆောင်ကာ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်းကာ **"နေရောင်ခြည်စွမ်းအင် အသုံးချသုတေသန"**ကို အဓိကထား ဆောင်ရွက်ခဲ့ပါသည်။

## သုတေသနပြု အဖြေရှာဆောင်ရွက်သွားရန် လိုကြောင်း မှာကြား

၁ – ၆ – ၂၀၂၅ ရက်နေ့ထုတ် ကြေးမုံသတင်းစာမျက်နှာရှေ့ဖုံးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လှိုင်သာယာမြို့နယ် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ထားမှုအခြေအနေများနှင့် အနောက်ပိုင်းနည်းပညာတက္ကသိုလ်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာတွင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အနေဖြင့် လှိုင်သာယာမြို့နယ် ရေစီးရေလာကောင်းမွန်စေရေးနှင့်ပတ်သက်၍ လမ်းသုတေသနပြုဆောင်ရွက်သွားရန်လိုအပ်ပြီး မြို့ပြအင်ဂျင်နီယာဘွဲ့တန်းတက်ရောက်နေသော နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများကို အဖွဲ့များခွဲ၍ အပိုင်းလိုက် သုတေသနပြု အဖြေရှာဆောင်ရွက်သွားရန် လိုကြောင်း မှာကြားသွားခဲ့သည်ကို ဖတ်ရှုခဲ့ရပါသည်။

လှိုင်သာယာမြို့နယ်သည် စက်မှုဇုန်များတွင် စက်ရုံ၊ အလုပ်ရုံများစွာရှိပြီး အလုပ်သမားအများစုသည် လှိုင်သာယာမြို့နယ်မှာပင် နေထိုင်ကြကာ အများစုမှာ အဆောင်များ၊ အိမ်များတွင် နေထိုင်ကြပါသည်။ ထို့ပြင် ဧရာဝတီတိုင်းဒေသကြီးသို့သွားလာရာတွင် အဓိကကျသော ရန်ကုန်–ပုသိမ်ကားလမ်းမကြီး ဖြတ်သန်းရာ မြို့နယ်ဖြစ်ပါသည်။ လူဦးရေထူထပ်ပြီး စာသင်ကျောင်း၊ ဆေးရုံ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ဈေးများ၊ ပန်းခြံများ စသည်ဖြင့် အခြေခံအဆောက်အအုံများဖြင့် စည်ကားတိုးတက်နေသော မြို့နယ်ဖြစ်ပါသည်။ လှိုင်သာယာမြို့နယ်၏ အဓိကအားနည်းချက်မှာ လမ်းများ/ရပ်ကွက်များရှိ ရေစီးရေလာကောင်းသည့် မြောင်းများ၊ ရေထွက်ပေါက်များတွင် စွန့်ပစ်အမှိုက်များ၊ ရွှံ့များ၊ နုန်းများကြောင့် မိုးရာသီတွင် ရေလျှံမှုဖြစ်ကာ လမ်းများတွင် ရေတင်ကျန်မှုကြောင့် သွားလာရခက်ခဲခြင်းဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကြောင့် လှိုင်သာယာမြို့နယ်မှာ ယခင်ကနှင့်မတူဘဲ သန့်ရှင်းသာယာတိုးတက်နေပြီဖြစ်ပါသည် ။ လှိုင်သာယာမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ထားသော တက္ကသိုလ်များရှိပါသည်။ တက္ကသိုလ်ဆိုသည်မှာ ပညာရေးတွင် အဆင့်မြင့်ဆုံးကျောင်းများဖြစ်ပါသည်။ တက္ကသိုလ်သည် သုတေသနနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားရေးကို အဓိကထားပါသည်။ တက္ကသိုလ်၏အသက်သည် သုတေသနဖြစ်ပါသည်။

ကျွန်တော်သည် ၂၀၀၅ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနတွင် တွဲဖက်ပါမောက္ခတာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုအချိန်က လျှပ်စစ်မီးများ မကြာခဏပျက်သဖြင့် လှိုင်သာယာစက်မှုဇုန်အပါအဝင် ရန်ကုန်တိုင်းဒေသကြီးရှိ စက်မှုဇုန်များမှာ လမ်းမီးပင်အချိန်ပြည့်မရရှိပါ။ ထိုအချိန်တွင် ကျွန်တော်အပါအဝင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် ရူပဗေဒဌာနမှ ဆရာ ဆရာမများ၊ မဟာသိပ္ပံနှင့်ရူပဗေဒဘွဲ့ နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများပူးပေါင်းကာ **"နေရောင်ခြည်စွမ်းအင်အသုံးချသုတေသန"** လုပ်ငန်းကို စတင်လုပ်ဆောင်ခဲ့ပါသည်။ ပါမောက္ခဒေါက်တာ ခင်မောင်ထွန်းက ဦးဆောင်ခဲ့ပါသည်။

နေရောင်ခြည်စွမ်းအင်သုံး ဆိုလာမီးဖို (Solar Cooker)၊ နေရောင်ခြည်စွမ်းအင်သုံး သီးနှံအခြောက်ခံရုံ ( Solar Dryer House )၊ နေရောင်ခြည်စွမ်းအင်သုံး ရေငန်မှ ရေချိုချက်သည့်ကိရိယာ (Solar Still Water)၊ နေရောင်ခြည်စွမ်းအင်ဖြင့် လျှပ်စစ်ပေးခြင်းကို ဝပ် ၄၀ ဆိုလာပြားများဖြင့်လည်းကောင်း၊ ဆိုလာမီးအိမ်များကို ဝပ် ၂၀ ဆိုလာပြားငယ်နှင့် LED မီးလုံးများဖြင့်လည်းကောင်း ပြုလုပ်ကာ ပတ်ဝန်းကျင်ကျေးရွာများသို့ ရောင်းချပေးခဲ့ပါသည်။ ပညာရေးဝန်ကြီးကိုယ်တိုင် လာရောက်ကြည့်ရှုပြီး လိုအပ်သည့်ပစ္စည်း၊ သုတေသနရန်ပုံငွေများ ထုတ်ပေးခဲ့ပါသည်။

### စက်မှုဇုန်များသို့ လမ်းမီးတိုင်များ သွားရောက်တပ်ဆင်

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဆိုလာမီးအိမ်များကို ကွမ်းခြံကုန်းမြို့နယ်နှင့် တွံတေးမြို့နယ်တို့အတွင်းရှိ ကျေးရွာများသို့ ရောင်းချနိုင်ရန် စီစဉ်ပေးပါသည်။ ကျွန်တော်အပါအဝင် ဆရာမတစ်ဦးကို နိုင်ငံခြားသို့စေလွှတ်၍ နေရောင်ခြည်စွမ်းအင်သုတေသနသင်တန်းများ တက်ခိုင်းကာ အားပေးခဲ့ပါသည်။ နောက်ဆုံးတွင် နေရောင်ခြည်စွမ်းအင် လမ်းကြောင်းရှာကိရိယာ(Solar Light Tracker) ကို



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ၌ တပ်ဆင်ထားသော ဆိုလာလမ်းမီးတိုင်။

တည်ဆောက်ခဲ့ပြီး နိုင်ငံခြားသို့သွားကာ စာတမ်းဖတ်ကြားခဲ့ပါသည်။ ပုဂ္ဂလိကကုမ္ပဏီများနှင့်ပူးပေါင်းကာ စက်မှုဇုန်များသို့ လမ်းမီးတိုင်များ သွားရောက်တပ်ဆင်ပေးခဲ့ပါသည်။

ထိုအချိန်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးဖွဲ့စည်းသည့် ရန်ကုန်တိုင်း ပြန်ပြည့်မြဲစွမ်းအင်ကော်မတီတွင် အဖွဲ့အတွင်းရေးမှူးအဖြစ်ပါဝင်ပြီး နေရောင်ခြည်စွမ်းအင်သုတေသနအဖွဲ့ ဥက္ကဋ္ဌတာဝန်ယူခဲ့ပါသည်။ ရန်ကုန်မြို့ ခုနစ်မိုင် ပါရမီလမ်းမပေါ်ရှိ ပြန်ပြည့်မြဲစွမ်းအင်ကော်မတီရုံးတွင် တက္ကသိုလ်အသီးသီးမှ သုတေသနပညာရှင်များ၊ စက်ရုံ၊ အလုပ်ရုံများမှ ဝါသနာရှင်သုတေသီများ၊ ပြင်ပပုဂ္ဂလိက

*စာမျက်နှာ ၁၇ သို့*




နေရောင်ခြည်အသုံးပြု ဆိုလာရေခဲသေတ္တာ အသုံးပြု၍ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများ၌ ဆေးပစ္စည်း သိုလှောင်သိမ်းဆည်းထားစဉ်။

- **ယခုအခါ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှုကြောင့် လှိုင်သာယာမြို့နယ်မှာ ယခင်ကနှင့်မတူဘဲ သန့်ရှင်းသာယာတိုးတက်နေပြီဖြစ်ပါသည်။ လှိုင်သာယာမြို့နယ်တွင် ပညာရေးဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့မှ ဖွင့်လှစ်ထားသော တက္ကသိုလ်များရှိပါသည်။ တက္ကသိုလ်ဆိုသည်မှာ ပညာရေးတွင် အဆင့်မြင့်ဆုံးကျောင်းများဖြစ်ပါသည်။ တက္ကသိုလ်သည် သုတေသနနှင့် အဆင့်မြင့်ပညာရပ်များ သင်ကြားရေးကို အဓိကထားပါသည်။ တက္ကသိုလ်၏ အသက်သည် သုတေသနဖြစ်**
- **ကျွန်တော်သည် ဟင်္သာတတက္ကသိုလ်သို့ ပြောင်းရွှေ့သွားသောအခါ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတချို့၌ မြွေဆိပ်ဖြေဆေးများနှင့် အအေးခန်းတွင် ထားရမည့်ပစ္စည်းများကို သိုလှောင်နိုင်ရန် ဆိုလာရေခဲသေတ္တာကို သုတေသနပြုခဲ့**

# မော်လမြိုင်မြို့၌ လုပ်ငန်းခွင်အသုံးချကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**မော်လမြိုင် ဇွန် ၈**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး ကော်မတီက ကြီးမှူးကျင်းပသည့် လုပ်ငန်းခွင်အသုံးချကွန်ပျူတာအခြေခံသင်တန်း ဖွင့်ပွဲအခမ်းအနားကို ဇွန် ၆ ရက်က မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ပွဲရုံတန်း မော်လမြိုင်ကုန်စည်ဒိုင်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ပြည်နယ်ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ကလေးအလုပ်သမား လျော့နည်းပပျောက်ရေးသည် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကာ ကလေးအလုပ်သမားများကို ကာကွယ်စောင့်ရှောက်ပေးနိုင်ရန် ပညာရေးတွင် ရင်းနှီးမြှုပ်နှံခြင်း၊ ကျွမ်းကျင်မှုနှင့် အလုပ်အကိုင်ရရှိမှု မြှင့်တင်ပေးခြင်း၊ လူငယ်များ အလုပ်အကိုင်ရရှိရေး အလေးထားဆောင်ရွက်ပေးခြင်း၊ ဘေးကင်းလုံခြုံသည့် ရွှေ့ပြောင်းလုပ်ကိုင်မှုဖြစ်စေခြင်းတို့ကို မူဝါဒများ ချမှတ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် လုပ်ငန်းစီမံချက် ဒုတိယ ငါးနှစ်(၂၀၂၄-၂၀၂၈)ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ သက်မွေးသင်တန်းများ တက်ရောက်ပြီးနောက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပြီး သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များ ရရှိလာနိုင်မည်ဖြစ်ကာ လုပ်ငန်းခွင်အသုံးချကွန်ပျူတာအခြေခံသင်တန်းသို့ တက်ရောက်သည့် သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှ သင်ယူတတ်မြောက်သည့် ပညာရပ်များကို လက်တွေ့နယ်ပယ်တွင် အသုံးချနိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရသော အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်လုပ်သားများ ဖြစ်စေလိုကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြထားမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ လုပ်ငန်းခွင်အသုံးချကွန်ပျူတာ အခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် သင်တန်းကာလ တစ်လကြာ စာတွေ့လက်တွေ့သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်မြို့၌ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**ပြည် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးခန်းမ၌ ဇွန် ၅ ရက်က ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကားပြောကြားသည်။



ဆက်လက်၍ တက်ရောက်လာကြသူများကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂပတ်ဝန်းကျင် အစီအစဉ်မှ အမှုဆောင်ဒါရိုက်တာတို့၏ ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ/ ဆုမွန်ကောင်းစကားနှင့် ၂၀၂၅ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေး ဗီဒီယိုဖိုင်တို့ကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ၂၀၂၄- ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အခြေခံပညာ (ထက်/လယ်/မူ)အဆင့် "သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းဆု"ပြိုင်ပွဲ၌ ပြည်ခရိုင်မှ ပထမ၊ ဒုတိယနှင့် တတိယဆုများရရှိခဲ့သော အထက(ကြို့ပင်ကန်)၊ အထက(ဂုံညှင်းတန်း)၊ အမက (ရွှေတံခါး-၂)နှင့် အမက(သဲတန်း) ကျောင်းတို့အတွက် ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများထံ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)



ကမာရွတ်မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးက ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေအပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကို ဇွန် ၆ ရက်တွင် ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း ပညာဗိမာန်ခန်းမ၌ ကျင်းပစဉ်။

မြို့နယ်(ပြန်/ဆက်)



# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ အခွန်ဆိုင်ရာအသိပေး ဗီနိုင်းချိတ်ဆွဲထားရှိမှု ကွင်းဆင်းဆောင်ရွက်

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပြေစာအမှတ်တံဆိပ်ကပ် ရောင်းချရသောဆိုင်များတွင် အခွန်ဆိုင်ရာအသိပညာပေးကြော်ငြာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ဇွန် ၇ ရက်က ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရာတွင် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနပူးပေါင်းအဖွဲ့တို့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ်ကပ်နှိပ်ရောင်းချသော ဆိုင်များတွင် "နိုင်ငံသားများပီသစွာ ဤဆိုင်တွင် အခွန်ဆောင်ပါ"ဟူသော ကြော်ငြာချက်ကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကျော်သန်း(ပြန်/ဆက်)

*စာမျက်နှာ ၁၆ မှ*

ကုမ္ပဏီများမှ သုတေသီများဖြင့် သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က သုတေသနရန်ပုံငွေနှင့် လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးပေးပါသည်။ တက္ကသိုလ်သုတေသနလုပ်ငန်းများကို သက်ဆိုင်ရာဒေသရှိ စက်မှုဇုန်များ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

**တိုင်းဒေသကြီးအဆင့် သုတေသနဆု ပေးအပ်ချီးမြှင့်**

ကျွန်တော်သည် ဟသ်ာတတက္ကသိုလ်သို့ ပြောင်းရွှေ့သွားသောအခါ ဧရာဝတီတိုင်းဒေသကြီးရှိ ကျေးရွာတချို့၌ မြွေဆိပ်ဖြေဆေးများနှင့် အအေးခန်းတွင်ထားရမည့်ပစ္စည်းများကို သိုလှောင်နိုင်ရန် ဆိုလာရေခဲသေတ္တာကို သုတေသနပြုခဲ့ပါသည်။ ၂၀၁၅ ခုနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအဆင့် သုတေသနဆုကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်က ပုသိမ်မြို့၌ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

လက်တွေ့သုတေသနများပြုလုပ်ရာတွင် ပထမအချက်မှာ လုပ်ချင်သောဆန္ဒရှိရမည်ဖြစ်ပါသည်။ ထို့ပြင် သုတေသနနှင့်ပတ်သက်၍ လိုအပ်သည့်အချက်အလက်များကို ရှာဖွေစုဆောင်းနိုင်ရမည်ဖြစ်ပါသည်။ သုတေသနအတွက် ပံ့ပိုးပေးနိုင်မည့် အဓိကလိုအပ်သည့် ငွေကြေးပေးနိုင်မည့် အဖွဲ့အစည်းများကို ချဉ်းကပ်ရှာဖွေကာ ကိုယ်လုပ်ဆောင်မည့် သုတေသနသည် မည်သည့်အကျိုးကျေးဇူးများ ရနိုင်ကြောင်းပြောပြပြီး စည်းရုံးအကူအညီတောင်းရပါမည်။ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးအဆင့်၊ ခရိုင်၊ မြို့နယ်အဆင့်များနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ကာ ဆောင်ရွက်နိုင်ပါသည်။ တက္ကသိုလ်များအနေဖြင့် နှစ်စဉ် သုတေသနပရောဂျက်များအတွက် ဝန်ကြီးဌာနက ရန်ပုံငွေချထားပေးပါသည်။ မိမိတို့ဆောင်ရွက်မည့်သုတေသနသည် သက်ဆိုင်ရာ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီးများတွင် လက်တွေ့သုတေသနပြုနိုင်ပါက ပိုမိုအကျိုးရှိနိုင်ပါသည်။ သက်ဆိုင်ရာ တက္ကသိုလ်ပါမောက္ခချုပ်များနှင့် စီမံခန့်ခွဲရေးအဖွဲ့များကလည်း သုတေသနလုပ်ငန်းများကို ကူညီအားပေးဆောင်ရွက်ရပါမည်။

ယခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်သို့ သွားရောက်ကြည့်ရှု၍ သုတေသနပြုလုပ်ရန် လမ်းညွှန်မှာကြားချက်သည် အခြားတက္ကသိုလ်/ကောလိပ်များအတွက်ပါ လက်တွေ့ဒေသအကျိုးပြုသုတေသနလုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်လိုက်ခြင်းပင်ဖြစ်သည်ဟု ယုံကြည်ယူဆမိသဖြင့် မကြာမီအသုံးချသုတေသနလုပ်ငန်းများ အောင်မြင်လာမည်ဟု မျှော်လင့်ပြီး ရေးသားလိုက်ရပါသည်။ ။



ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ သုတေသနပြုထုတ်လုပ်ထားသည့် ဆိုလာကောက်ပဲသီးနှံ အခြောက်ခံစက်။

# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ရေသောင်ကျေးရွာ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့် ကျောင်းသူများအား ပြန်လည်ကယ်ထုတ်နိုင်ခဲ့

**နေပြည်တော်  ဇွန်  ၈**

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များ ပေါ်ထွန်းလာမှုကို နှောင့်ယှက်ရန်ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ/ဆရာမများအား DCS ပြုလုပ်ရန်နှင့် ၎င်းတို့၏အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စေတုတ္တရာမြို့နယ် လက်ပံကျင်းကျေးရွာနေ ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ကျောင်းဆရာမ နှစ်ဦး၊ ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူ လေးဦး၊ ကျောင်းသားမိဘနှစ်ဦးနှင့် အရပ်သူ တစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ကျောင်းတက်ရန်အတွက် လိုက်ပါပို့ဆောင်သူများနှင့်အတူ မေ ၂၄ ရက်တွင် မကွေးမြို့သို့ သွားရောက်ရန် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်သို့ ရောက်ရှိစဉ် PDF အမည်ခံ အကြမ်းဖက်သမားများသည် လက်နက်ငယ်ကိုယ်စီ ကိုင်ဆောင်၍ စက်လှေဆိပ်သို့ရောက်ရှိလာပြီး ဆရာမအား DCS ပြုလုပ်ရန်နှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်ပြောဆိုပြီး မကြီးကျေးရွာဘက်သို့ အတင်းအဓမ္မဖမ်းဆီး ခေါ်ဆောင်သွားကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် စေတုတ္တရာမြို့၏ မြောက်ဘက် မိုင် ၂၄၀၀၀ ခန့်အကွာရှိ ပန်းအိကျေးရွာအတွင်း နေရာနှစ်နေရာမှ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အထက်တန်းပြ (အထကခွဲ၊ ရေသောင်)၊ ဒေါ်ချိုသဇင်ဦး လ/ထမူပြ (မူလွန်၊တောင်ဟန်ဒေါက်)၊ မခင်မိုးဝေ တတိယနှစ် ပညာရေးကောလိပ် (မကွေး)၊ မနွေးနွေးလှိုင် တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မခင်စုစုလှိုင် ဒုတိယနှစ် ပညာရေးကောလိပ်(ပခုက္ကူ) စုစုပေါင်း ငါးဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ပညာရေးကောလိပ်ကျောင်းသား တစ်ဦး၊ ကျောင်းသားမိဘ နှစ်ဦး၊ အရပ်သူ တစ်ဦး စုစုပေါင်း လေးဦးတို့အား အမြန်ဆုံး ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ပြန်လည်ကယ်တင်ခေါ်ယူနိုင်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့် မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများအား အတင်းအဓမ္မ ဖမ်းဆီးချုပ်နှောင်ခြင်း၊ အတင်းအဓမ္မ DCS လုပ်ဆောင်စေခြင်းနှင့် လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး PDF အကြမ်းဖက်သမားများ၏ လူမဆန်သော လုပ်ရပ်များကို သတင်းရရှိက တာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့နိုင်ပါရန် အသိပေးသတင်းထုတ်ပြန်အပ်သည်။

**သတင်းစဉ်**

စေတုတ္တရာမြို့နယ်၊ ပန်းအိကျေးရွာအနီး
အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ၅ ဦးအား
ပြန်လည်ရှာဖွေကယ်တင်နိုင်ခဲ့သည့်နေရာပြပုံ




## စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ငွေကျပ် ၉၁၇ ဒသမ ၀၂၅ သိန်းတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော်  ဇွန်  ၈**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက် မွန်းလွဲပိုင်းက သတင်းအရ စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ် ကျေးရွာအုပ်စု ရွာသာရွာကျေးရွာ လမ်းပေါ်တွင် သီတာ၊ အေးမြတ်မွန်၊ ခင်စုကြည် (ခ) မိုးမိုးနှင့် ရွှေဇင်မာ တို့ လေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၃၂ ဒသမ ၅ သိန်း) ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ဘင်စုရပ်ကွက် စက်မှုဇုန်သွားလမ်းပေါ်တွင် ဒေါ်မြိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၅ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၈၄ ဒသမ ၅၂၅ သိန်း) ဖမ်းဆီးရမိပြီး ကွင်းဆက်အရ ဆေးပြားများ ရောင်းချပေးသူ မမဲလုံးအား ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအဝင် လမ်းမပေါ်တွင် ဆက်လက်ဖမ်းဆီးရမိသဖြင့် ယင်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

ထို့အတူ ယမန်နေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ရွှေတိဂုံဘုရား အဆင်းလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေတိဂုံဘုရားဘက်မှ နတ်စင်လမ်းဘက်သို့ လမ်းလျှောက်လာသူ စိုင်းအောင်ခမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် သိန်း ၇၀) ဖမ်းဆီးရမိပြီးကွင်းဆက်ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း (ခ) ရပ်ကွက် ကျောင်းလမ်းရှိ ၎င်းနေထိုင်သည့် နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၂၈ သိန်း) ထပ်မံသိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခမ်း (၂၆) နှစ်အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တန့်ယန်းမြို့ ရပ်ကွက် (၉) နေ မနန်းခမ်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဒေသတန်ဖိုးငွေကျပ် ၄၉ သိန်း) ဖမ်းဆီးရမိသဖြင့် မနန်းခမ်း(၄၃) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် ပြစ်မှုကျူးလွန်သူများကို ဖမ်းဆီးရမိစိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။


❒ *ကျောဖုံးမှ*

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။”

**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၈-၆-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၁၃-၆-၂၀၂၅ ရက်နေ့ ၁၅-၆-၂၀၂၅ ရက်နေ့ အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ





# ဝေါမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန် စာအောင်ဆုနှင်းသဘင် ကျင်းပ

**ဝေါ ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော (အလတ်တန်း၊ အငယ်တန်း၊ မူလတန်း)သံဃာတော်များနှင့်လူပုဂ္ဂိုလ်တို့အား စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေဘုန်းပွင့်ဓမ္မရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝေါမြို့နယ် ဗဟိုသံဃာ့ဝန်ဆောင် ဒလန္တမ်းကျောင်းဆရာတော်ဘဒ္ဒန္တသြဘာသထံမှ ငါးပါးသီလနှင့် အဖွင့်သြဝါဒကထာနာကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားသည်။

ထို့နောက် ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် အောင်မြင်တော်မူခဲ့သည့် ပထမလတ်တန်းတွင် သံဃာတော်တစ်ပါး၊ ပထမငယ်တန်းတွင် သံဃာတော်တစ်ပါး၊ လူပုဂ္ဂိုလ်တစ်ဦးနှင့် အခြေပြုမူလတန်းတွင် သံဃာတော် ၂၇ ပါးအား စာအောင်လက်မှတ်နှင့် စာအောင်ဆု အလှူတော်ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းကြပြီး မြို့နယ်သံဃနာယကအဖွဲ့(သုဓမ္မာ) ဥက္ကဋ္ဌ ဆရာတော်၊ ကင်မွန်းကန်ကျောင်း ပဓာနနာယက ဆရာတော် ဦးဇဝနက အနုမောဒနာနှင့် ရေစက်ချတရားဟောကြားခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

# လင်းခေးမြို့နယ်၌ ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့်သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**လင်းခေး ဇွန် ၈**

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ်၌ ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်းနှင့်ဆက်စပ်သည့် ရေကြီးရေလျှံမှုကြောင့် ပျက်စီးခဲ့သည့်သီးနှံများအတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီက လင်းခေးမြို့နယ် ဝတီခန်းမ၌ကျင်းပရာ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ကိုဦးက အမှာစကားပြောကြားပြီး လင်းခေးတပ်နယ်မှူး ဗိုလ်မှူးကြီးကျော်ထွန်းလတ်၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များက ကျေးရွာတောင်သူများအား တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

လင်းခေးမြို့နယ်တွင် ရာဂီမုန်တိုင်းနှင့်ဆက်စပ်သည့် ရေကြီးရေလျှံ၊ တောင်ပြို/မြေပြိုခြင်းများကြောင့် ဒါးဆိပ်ကျေးရွာအုပ်စု၊ ပုန်းထွန်၊ ဝမ်တိန်း၊ ဝမ်ဟတ်၊ မအွန်လောင်းနှင့် နားကုန်းကျေးရွာအုပ်စုတို့၌ ကွင်းပေါင်း ၄၄ ကွင်း၊ ဦးပိုင်ပေါင်း ၉၉၄၊ တောင်သူစုစုပေါင်း ၉၀၈ ဦးတို့၏ စိုက်ကွက်များ ပျက်စီးဧရိယာ ၁၆၇၁ ဧကရှိပြီး ၎င်းအတွက် မျိုးစေ့နှင့် သွင်းအားစုများထည့်သွင်းနိုင်ရန် ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၁၆၇၁ သိန်းဖြစ်ကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌထံမှ သိရသည်။ **စိုင်းဇော်လတ်(လင်းခေး)**





## မော်လမြိုင်ကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

**မော်လမြိုင်ကျွန်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်၌ ပန်းခင်းစီမံချက်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆) နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ယနေ့ နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် တံခွန်တိုင်ကျုံဝါးကျေးရွာ အထက(ခွဲ)ကျောင်းနှင့် ညောင်းတုန်းစုကျေးရွာ ဇေယျာဒီပဓမ္မာရုံတို့၌ ကွင်းဆင်းဆောင်ရွက်ပေးသည်။

အဆိုပါ ပန်းခင်းစီမံချက်(၃) ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မော်လမြိုင်ကျွန်းမြို့နယ်ရုံး ဦးစီးအရာရှိ ကြီးကြပ်မှုဖြင့် တိုက်နယ်မှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ ကျေး စာရေးများက မြေပြင်အရောက် ကွင်းဆင်း၍ အိမ်ထောင်စုလူဦးရေစာရင်း မရှိသေးသူများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသူများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားစိစစ်ကတ်နံပါတ်များ ဖြည့်သွင်းခြင်းနှင့် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆) စစ်ဆေးခြင်းလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးစောဝဏ္ဏတို့က လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

# ရေဦးမြို့နယ် မကျီးတောကျေးရွာ စာသင်ကျောင်း၌ စုပေါင်းသန့်ရှင်းရေးပြုလုပ်

**ရေဦး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မကျီးတောကျေးရွာ၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ကျောင်းဖွင့်လှစ် စာသင်ကြားနိုင်ရေးအတွက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၊ ပြည်သူ့စစ်နှင့် ကျေးရွာနေပြည်သူများ ပူးပေါင်း၍ ယနေ့နံနက် ၈ နာရီက မကျီးတောကျေးရွာ စာကျောင်းတွင် သန့်ရှင်းရေးပြုလုပ်ခဲ့သည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသူရနှင့် အဖွဲ့ဝင်များ၊မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်ထွန်းနှင့် အဖွဲ့ဝင်များက ကျောင်းဖွင့်လှစ်စာသင်ကြားမည့် ကျောင်းနှင့် ဝန်းကျင်အခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စာသင်ခုံများ၊ စာသင်ခန်းများ ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

သန်းသန်း(ရေဦး)



# ကြံခင်းမြို့နယ် ရဲတပ်ဖွဲ့ရုံး၊ ရဲစခန်းတို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်

**ကြံခင်း ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ မြို့မရဲစခန်း၊ နယ်မြေရဲစခန်းနှင့် ရဲကင်းတို့တွင် ယနေ့နံနက်ပိုင်းက သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေး အဘိတ်ဆေးခတ်ခြင်းနှင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ဆောင်ရွက်ကြသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြည်စိုး၊ မြို့မရဲစခန်းမှူး ဒုရဲမှူးလှခိုင်နှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ကြည်ကြည်အေး၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာလှထွန်းဇော်နှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်ရဲတပ်ဖွဲ့မှူး ရုံးဝင်းရှိ ရေတွင်း၊ ရေကန်များအား အဘိတ်ဆေးခတ်ခြင်း၊ နေအိမ်လိုင်းခန်းများရှိ ဘုရားညောင်ရေအိုးများနှင့် ရေအိုး၊ ရေခွက်များအား ဖုံး၊ သွန်၊ လဲ၊ စစ်ဆောင်ရွက်ခြင်း၊ မြို့မရဲစခန်းရှိ အချုပ်ခန်းနှင့် လိုင်းခန်းများရှိ ရေလှောင်ကန်များအား အဘိတ်ဆေးခတ်ခြင်း၊ ဘက်ရဲနယ်မြေရဲစခန်းတွင် တိုက်နယ်ဆရာဝန် ဒေါက်တာ မျိုးအိအိထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆိတ်သာရဲကင်းစခန်းတွင် တိုက်နယ်ဆရာဝန်ဒေါက်တာစောသာဆဲနှင့် ကျန်းမာရေးဝန်ထမ်းများက ရဲတပ်ဖွဲ့ဝင်မိသားစုများနှင့်ပူးပေါင်းပြီး ရေတွင်း၊ ရေကန်၊ ရေအိုး၊ ဘုရားပန်းအိုး၊ ရေဝင်နေသော ကားတာယာဟောင်းနှင့် ရေအိုင်များအား ဖုံး၊ သွန်၊ လဲ၊ စစ်ပြုလုပ်ခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ဖြိုးဝေလင်း (ပြန်/ဆက်)**

**❑ မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇွန် ၈

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။**

ဇွန် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၄၅၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွှာင်လမ်း၊ ဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၆၂၇၄၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၈၇၂၄၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၆ ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၂၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

ထို့အပြင် ဇွန် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှု စာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၂၃ စီးနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် ၁၄၃ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၈၉၂၄၀၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာ ဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက် ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

သတင်းစဉ်

## မိုင်းယောင်းမြို့နယ်၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် ဘက်ဟိုးယာဉ်တစ်စီးတို့အား ဖမ်းဆီးအရေးယူ

နေပြည်တော် ဇွန် ၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ယမန်နေ့က လိုင်စင်မဲ့ ယာဉ်တစ်စီးနှင့် ဘက်ဟိုး ယာဉ်တစ်စီးတို့အား ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ ရက် ညနေ ၅ နာရီ ၅ မိနစ်အတွင် မိုင်းယောင်းမြို့နယ် မိုင်းယောင်းခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ နယ်မြေ လှည့်ကင်းဆောင်ရွက်နေစဉ် မိုင်းယောင်းမြို့ အမှတ်(၂)ရပ်ကွက် ဗလမင်းထင် လမ်းမပေါ်အရောက် မိုင်းယောင်းမြို့နယ် ယမ်းခန်းကျေးရွာနေ အိုက်မား(၄၆)နှစ် မောင်းနှင်သည့် YGN 3G/---- FOTON ၁၂ ဘီး အနီရောင်ယာဉ်ပေါ်၌ ပြည်မြို့ ပြည်သာယာရပ်ကွက်နေ စိုင်းဇော်မြင့် (၃၅)နှစ် မောင်းနှင်သည့် HYUNDAI ၂၀ တန် အဝါရောင် ဘက်ဟိုးယာဉ်အား တင်ဆောင်၍ရပ်တန့်ထားသည်ကို တွေ့ရှိရသဖြင့် စစ်ဆေးခဲ့ရာ အဆိုပါယာဉ်များနှင့် ပတ်သက်၍အထောက်အထားတစ်စုံတစ်ရာ ပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ယာဉ်များဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အိုက်မားနှင့် စိုင်းဇော်မြင့်တို့ နှစ်ဦးအား မိုင်းယောင်းမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



မိုင်းယောင်းမြို့နယ်၌ ဖမ်းဆီးအရေးယူထားသည့်
လိုင်စင်မဲ့ယာဉ်နှင့် ဘက်ဟိုးယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၌ ယာဉ်တိုက်မှုကြောင့် နှစ်ဦး ဒဏ်ရာရရှိ

**နေပြည်တော် ဇွန် ၈**

နေပြည်တော် တပ်ကုန်းမြို့နယ်၌ ယမန်နေ့က ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး အနေးယာဉ်ကြော၌ ရပ်တန့်ထားသော ယာဉ်အား လားရာတူ မောင်းနှင်လာသော ယာဉ်မှဝင်ရောက်တိုက်မိ၍ အမျိုးသားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**အမှုဖွင့်အရေးယူ**

ဖြစ်စဉ်မှာ ဇွန် ၇ ရက် နံနက် ၃ နာရီ ၁၀ မိနစ်တွင် တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေးပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ် ၂၃၆ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ဘုရားတောင်အမြန်လမ်းမကြီးရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မန္တလေးဘက်မှ နေပြည်တော်ဘက်သို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် သုံးဂွရပ်ကွက်နေ ကျော်သူရ(၂၈)နှစ် မောင်းနှင်လာသည့် MDY-22 3L/---- Nissan Condor ယာဉ်သည် အခင်းဖြစ်နေရာ အနေးယာဉ်ကြော၌ ရပ်တန့်နေစဉ် လားရာတူ နွားထိုးကြီးမြို့နယ် ပြင်စည်ကျေးရွာနေသူများဖြစ်ကြသည့် သန့်ဇင်အောင် (၂၁)နှစ် မောင်းနှင်ပြီး ဦးတင့်လွင် (၃၅) နှစ် လိုက်ပါလာသည့် MDY-4 5L/---- Nissan Condor ယာဉ်က အရှိန်မထိန်းနိုင်ဘဲ တိုက်မိခဲ့သောကြောင့် သန့်ဇင်အောင်နှင့် ဦးတင့်လွင်တို့ နှစ်ဦးတွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်သူရနှင့် သန့်ဇင်အောင်တို့နှစ်ဦးအား ဘုရားတောင် အမြန်လမ်းမကြီး ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

မြန်မာနိုင်ငံတစ်ဝန်းရှိ အခြေခံပညာ ကျောင်းသား၊ ကျောင်းသူများ သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့် ဝါရင့်ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသား ကြီးကြပ်တည်းဖြတ်ထားသည့် Grade-4 မှ Grade-12 အထိ တန်းစဉ် အောင်ချက်မြင့်မားရေးအတွက် စာမေးပွဲမေးခွန်းပုံစံနှင့်အညီ လေ့ကျင့်ခန်းများနှင့် အဖြေစုံကို ကျောင်းသား၊ ကျောင်းသူများ ကြိုတင်လေ့လာ လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ **မြန်မာ့အလင်းစာတည်းအဖွဲ့**

## Grade-9 (Unit-1)

### Section (A) Listening

I. Listen carefully and write whether each statement is TRUE or FALSE. (5 marks)

1. Good morning, Sayagyi. How are you? — 1. .............
2. Good evening, Thuta. I am fine, and you? — 2. .............
3. I'm doing great, thank you. Sayagyi, this is Nyi Zaw. — 3. .............
4. Pleased to meet you, Thuta. — 4. .............
5. Pleased to meet you, Sayagyi. — 5. .............

### Section (B) Reading

II. Read the following passage and fill in the blanks with the suitable words given below. There are two extras. (5 marks)

| | | |
|---|---|---|
| Take care | he said | Hello! |
| My pleasure | Thank you for your help | |
| Good bye | Pleased to meet you | |

In the street

(A) Hi! Can I ask you a question?
(B) ....... (1) ....... Of course! What can I do for you?
(A) I want to go to Butterfly Art Gallery. I know the address but I think I'm lost.
(B) Butterfly Art Gallery is in Yuzana Street. Walk along this street till you see the traffic light. Then turn left and walk for a minute. The gallery is on your right.
(A) ....... (2) ....... I am Thuta, by the way.
(B) ....... (3) ....... Nice to meet you, Thuta. I'm Bo Bo.
(A) ....... (4) ......., too. Bye, Bo Bo.
(B) Bye ....... (5) .......

1. ............... 2. ............... 3. ...............
4. ............... 5. ...............

### Section (C) Writing

III. Supply the correct form of the verbs given in brackets. (5 marks)

1. One day, a farmer ............. (**go**) to the market.
2. He ............. (**sell**) his fruits and vegetables.
3. After he had sold them, he ............. (**get**) on his cart.
4. He ............. (**begin**) to return to his farm.
5. His farm ............. (**be**) far from the market.
6. His horse ............. (**be**) very old.
7. It ............. (**pull**) the cart slowly.
8. The farmer ............. (**fall**) asleep soon.
9. The horse ............. (**stop**) under a tree.
10. It ............. (**eat**) the grass there.

Answer Keys

I. 1. True 2. False 3. True 4. False 5. False

II. 1. Hello! 2. Thank you for your help. 3. My pleasure. 4. Pleased to meet you 5. Take care.

III. 1. went 2. sold 3. got 4. began 5. was 6. was 7. pulled 8. fell 9. stopped 10. ate

## Grade-10 (Unit-1)

I. Complete the sentences with the appropriate words. The initial letters are given. (10 marks)

1. Language is a set of four language skills: L............., Speaking, Reading, and Writing.
2. Listening skill develops during the first e............. months of babyhood.
3. The s............. skill develops at about the age of one and a half years.
4. By about four or five years of age, the child is able to use his or her m............. quite efficiently.
5. Listening and speaking are known as the r............. skills.
6. Reading and writing are known as the p............ skills.
7. Language is a t............. for communication.
8. To speak, we use v............. symbols; to write, we use w............. symbols.
9. Speaking and g ............. go hand in hand to help the listener understand us better.
10. Writing and g ............. go hand in hand to help the reader understand us better.
11. In verbal communication, we use w............. and s............. to communicate.

Answer Keys

I. 1. Listening 2. eighteen 3. speaking 4. mother tongue 5. receptive 6. productive 7. tool 8. vocal, written 9. gestures 10. graphics 11. words, sentences

## Grade-11 (Unit-1)

I. Choose the appropriate words or phrases to complete the sentences. (10 marks)

1. The dolphin is a kind of sea animal that looks like a large fish with a long ............. snout.
   (A) straight (B) flat (C) pointed
2. The Ayeyarwady dolphin is mostly found in ............. Asia.
   (A) North (B) East (C) Southeast
3. The scientific name of the Ayeyarwady dolphin is ..............
   (A) Delphinus delphis (B) Orcaella brevirostris (C) Balaenoptera musculus
4. This species is named after the ............. River in Myanmar.
   (A) Salween (B) Ayeyarwady (C) Chindwin
5. Unlike other dolphins, the Ayeyarwady dolphin has no ..............
   (A) tail (B) flippers (C) beak
6. The Ayeyarwady dolphin has a very ............ forehead.
   (A) bulging (B) flat (C) small
7. The dolphin's dorsal fin is short, blunt, and ..............
   (A) circular (B) triangular (C) rectangular
8. These dolphins feed on bony fish, fish eggs, and ..............
   (A) frogs (B) reptiles (C) crustaceans
9. They take food into the mouth by ..............
   (A) biting (B) chewing (C) suction
10. Ayeyarwady dolphins are found in both saltwater and ............. rivers.
    (A) muddy (B) freshwater (C) icy
11. In Myanmar, these dolphins inhabit the Ayeyarwady River between Mandalay and ..............
    (A) Yangon (B) Bago (C) Bamaw

Answer Keys

I. 1. (C) pointed 2. (C) Southeast 3. (B) Orcaella brevirostris 4. (B) Ayeyarwady 5. (C) beak 6. (A) bulging 7. (B) triangular 8. (C) crustaceans 9. (C) suction 10. (B) freshwater 11. (C) Bamaw

## Grade-12 (Unit-1)

I. Complete the dialogue with the expressions given in the box. There is an extra. (5 marks)

| |
|---|
| Thank you |
| to answer the questions |
| say 'How are you?' |
| Very useful advice, Ko Thura |
| when someone gives you a 'wai' |
| when she first meets Thai people |

Presenter : Hello! Welcome to our programme 'The Traveller's Guide'. Last month, we asked our listeners who had planned to go abroad to send us their questions about good manners in other countries. We've invited our travel expert Ko Thura ....... (1) ....... Welcome to the programme, Ko Thura.

Ko Thura : ....... (2) .......

Presenter : Let's start our programme. So, Ko Thura, the first question is from Daw Thin Thin, who is going to travel to Thailand next month. She wants to know what she should do ....... (3) .......

Ko Thura : Well, Daw Thin Thin, most of the time shaking hands will be fine. But, ....... (4) ....... that is a small bow with the hands held together close to the body, you must do like this. If the person is from lower social status than you, or she is younger than you, for example, a salesgirl, you shouldn't return the 'wai'.

Presenter : ....... (5) .......

Answer Keys

1. to answer the questions
2. Thank you
3. when she first meets Thai people
4. when someone gives you a 'wai'
5. Very useful advice, Ko Thura

အခြေခံပညာအင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှု တစ်စုံတစ်ရာမရှိ၍ဖြစ်စေ၊ ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလို၍ဖြစ်စေ စီစဉ်သူ ဆရာဦးစိုးစံ (**English for Students Supplement Editorial Group**) ဖုန်း - 09 981163924 ထံ ဆက်သွယ်မေးမြန်း အကြံပြုနိုင်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 76W/77223, KENBO 125 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၁၄/ဖပန(နိုင်) ၁၄၅၇၄၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဖျာပုံ)

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ စောရန်ပိုင်(တောင်)ရပ်ကွက်၊ ငုဝါလမ်း၊ တိုက်အမှတ်-၂၇တွင် ဆောက်လုပ်ထားသော နှစ်ခန်းတွဲဟောင်ကောင်ပုံစံတိုက်၏ (မြေညီ) ဟောင်ကောင် (၂)လွှာ၊ ခြေရင်းခန်း အကျယ်အဝန်း (၁၂.၅ x ၅၅) ပေရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ပိုင်ဆိုင် လက်ဝယ်ရှိပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံသူ ဦးဇော်လင်းမိုး(ဘ)ဦးလှမောင် (၁၄/မမန(နိုင်) ၁၃၀၂၉၁) ထံမှ ကျွန်မဒေါ်ဝင်းဝင်းအေး (၁၂/လမတ(နိုင်)၀၀၉၄၃၄) - ဒေါ်ဝင်းဝင်းနွယ် (၁၂/လမတ(နိုင်)၀၀၉၄၄၃) (ဘ) ဦးဝင်းသန်း က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပေးပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၁၄) ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများပြည့်စုံစွာဖြင့် ကျွန်မထံသို့ဆက်သွယ်ပြီး လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါကဖော်ပြပါ အရောင်းအဝယ်ကို ပြီးမြောက်သည့်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဝင်းဝင်းအေး (၁၂/လမတ(နိုင်) ၀၀၉၄၃၄)
ဒေါ်ဝင်းဝင်းနွယ် (၁၂/လမတ(နိုင်)၀၀၉၄၄၃)
ဖုန်း - ၀၉-၇၅၂၇၂၃၉၅၈၊ ၀၉-၄၄၃၀၂၃၉၅၈

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၁၊ အုတ်ကျင်းအနောက်)၊ ဦးပိုင်အမှတ် (၄၂)၊ မြေဧရိယာ(၀.၁၈၄) ဧကရှိမြေကွက်သည် မူလက ဦးစိုးမိုးစံအမည်ဖြင့် (၁၆-၁၀-၂၀၄၇)ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသောမြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူဦးစိုးမိုးစံထံမှ ဦးဘပါရ်ဝင်ဒါးဆင်က(၁၇-၃-၂၀၂၅)ရက်စွဲပါစာချုပ်မှတ်ပုံတင်အမှတ်(၁၁၉/၂၀၂၅)ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ဦးဘပါရ်ဝင်ဒါးဆင် ၁/မကန(နိုင်)၁၁၇၃၄၃အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန်ကြော်ငြာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။ လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### "မိုးရာသီတွင် အဖြစ်များသည့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ပါ"

သွေးလွန်တုပ်ကွေးရောဂါသည် သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်ပိုး (Dengue Virus) သယ်ဆောင်ထားသော နေ့အချိန်တွင်ကိုက်လေ့ရှိသည့် ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပါသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကြိုတင်ကာကွယ်၍ရသောရောဂါဖြစ်ပါသည်။

မိုးရာသီတွင် ခြင်ကျားလောက်လမ်း အများဆုံးပေါက်ပွားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါ အများဆုံးဖြစ်ပွားရခြင်း ဖြစ်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး/လူကြီးမရွေး၊ ကျား/မ မရွေး ဖြစ်ပွားနိုင်ပြီး အသက်(၁၅)နှစ်အထက် လူကြီးများတွင်ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားပါသည်။

ခြင်ကျားလောက်လန်းသည် ရေကြည်ရေသန့်တွင် အဓိကပေါက်ပွားပြီး ခြင်ကျားပေါက်ပွားပုံ အဆင့်ဆင့်ဖြစ်သည့် ( ဥ → ပိုးလောက်လမ်း → ပိုးရုပ်ဖုံး → သက်ကြီးကောင်) ဖြစ်စဉ်မှာ (၈) ရက်မှ (၁၀)ရက်ခန့်အထိ ကြာမြင့်ပါသည်။ ထို့ကြောင့် မိမိအိမ်၊ ကျောင်းနှင့် ပတ်ဝန်းကျင်တွင် (၁)ပတ်လျှင် အနည်းဆုံး တစ်ကြိမ် ခြင်ကျားလောက်လမ်း ရှာဖွေပြီး လောက်လမ်း ပေါက်ပွားမှု လုံးဝမရှိအောင် ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုးတိုက်ချတ်စသဖြင့် ဆောင်ရွက်ရန်လိုအပ်ပါသည်။

ခြင်ကျားလောက်လမ်း မရှိလျှင် ခြင်ကျားပေါက်ပွားမှုလည်း မရှိသည့်အတွက် ခြင်ကျားကိုက်ခံရခြင်းကြောင့်ဖြစ်ပွားသော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုလည်း လုံးဝရှိတော့မည် မဟုတ်ပါ။




၂၀၂၅ခုနှစ်၊ မေလ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### "မိုးရာသီကာလမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ပါ"

ဝမ်းပျက်ဝမ်းလျှောရောဂါသည် ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအသောက်များကို စားသောက်မိခြင်းမှတစ်ဆင့်ကူးစက်ဖြစ်ပွား၍ အသက်အန္တရာယ်ထိခိုက်နိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအသွင်ဖြင့်လည်း ဖြစ်ပွားတတ်ပါသည်။

**ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားပါက-**

- အရည်ဝမ်းများသွားခြင်း
- အော့အန်ခြင်း
- အားအင်ကုန်ခမ်းခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း စသည်တို့ဖြစ်ပွားနိုင်ပြီး အသက်သေဆုံးသည်အထိ ဖြစ်နိုင်ပါသည်။

**ပြည်သူများအနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရန် အောက်ပါအချက်အလက်များကို တိကျစွာလိုက်နာကျင့်သုံးကြရမည် ဖြစ်ပါသည်-**

၁။ အစားအစာများကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးပါ၊ အစားအစာများကို ပူပူနွေးနွေးစားပါ၊
၂။ အစားအစာများကို ယင်မနားအောင် လုံခြုံစွာဖုံးအုပ်ပါ၊
၃။ အစားအစာများမကိုင်မီ၊ အစားအစာများကိုမပြင်ဆင်မီ၊ အစာမစားမီ၊ အိမ်သာအသုံးပြုပြီးချိန်တိုင်း နှင့် အညစ်အကြေးများကိုင်တွယ်ပြီးချိန်တိုင်း ရေနှင့်ဆပ်ပြာကိုအသုံးပြု၍ လက်ကို အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် စနစ်တကျဆေးကြောပါ၊
၄။ ကျိုချက်ထားသောရေ သို့မဟုတ် ရေသန့်စင်ဆေးပြားခတ်ထားသောရေ သို့မဟုတ် FDA အသိ အမှတ်ပြုသောက်ရေသန့်ကိုသာသောက်သုံးပါ၊
၅။ တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုပါ၊
၆။ ယင်လုံအိမ်သာကို ရာနှုန်းပြည့်ဆောက်လုပ်သုံးစွဲပါ သို့မဟုတ် အိမ်သာများကို ယင်လုံစေရန် ဆောင်ရွက်ပါ၊
၇။ ယင်ကောင်များပေါက်ပွားမှုမှကာကွယ်ရန် စားကြွင်းစားကျန်များ၊ အမှိုက်သရိုက်များနှင့် အညစ်အကြေးများကို စနစ်တကျစွန့်ပစ်ပါ။

ဝမ်းပျက်ဝမ်းလျှောပြင်းထန်ပါက နီးစပ်ရာကျန်းမာရေးဌာနသို့ သွားရောက်ပြသပါ။
ဓါတ်ဆားရည်သောက်ပါ။

၂၀၂၅ခုနှစ်၊ မေလ

## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံ အနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ➢ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များ ခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ➢ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ➢ ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး၊ ဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ➢ လိုအပ်ပါကငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ➢ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ➢ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ➢ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ➢ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ➢ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ➢ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့်ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃၊ လူနေရပ်ကွက်အမှတ်-၁၃၊ ရတနာလမ်း၊ တိုက်အမှတ်-၁၂၅၃(မြေကွက်အမှတ်)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ ၈-ထပ်ခွဲတိုက်၏ ၄-လွှာ (တတိယထပ်) (ခေါင်းရင်းခန်း)၊ အကျယ်အဝန်း(၁၉ပေ X ၅၄ပေ)ရှိ ဓာတ်လှေကားပါ ရေမီးစုံတိုက်ခန်း (mini condo )တစ်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ဥပဒေနှင့်အညီဝယ်ယူပိုင်လက်ရှိဖြစ်သူ ဒေါ်မေသူနှင်း (၁၂/ဒဂမ(နိုင်)၀၃၃၄၈၅) ၏ အထူးကိုယ်စားလှယ်စာရသူ ဒေါ်မေသူနှင်း၏ မိခင်ဒေါ်တင်တင်ဝင်း (၁၂/ဒဂမ(နိုင်)၀၁၄၀၅၁)ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်အေးကျော့ခိုင် (၁၁/သတန(နိုင်)၀၅၅၀၇၆)မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်းတန်ဖိုး၏ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပါသဖြင့် ကန့်ကွက်မည့်သူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၅)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးကျော့ခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သင်းသင်းခိုင် (LL.B,D.B.L, D.M.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၆၇)
**ဒေါ်အေးမြတ်မွန် (LL.B, D.I.L)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၉၇၃)
**ဒေါ်သီတာစန်းလွင် (LL.B, D.B.L)** အထက်တန်းရှေ့နေ(စဉ်-၅၁၇၆၉)
**အမှတ်-၄၊ မြေညီ၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ PH,09-5187372, 09-260903001**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် မြောက်ပိုင်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ( ၄၄ )၊ ဦးဝိစာရလမ်း၊ မြေကွက်အမှတ် ( ၈၄၀ )၊အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို နှစ်(၆၀)ဂရန်အမည်ပေါက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဒေါ်နှင်းမြတ်ထွေး (၁၂/ကမတ(နိုင်) ၀၀၀၆၅၁ )ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေများပေးအပ်ထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဦးထိန်လင်းသန်း** LL.B, D.B.L, D.I.L, D.M.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)
**ဒေါ်ပြည့်ပြည့်ဖြိုး** LL.B, D.B.L, D.I.P.L တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)
ဖုန်း:- 09- 550 4265 , 09- 4500 171 36 , 09- 42 80 20 369

## ပြင်ဆင်ဖတ်ရှုပါရန်

၁၂-၄-၂၀၂၅ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၃၀) တွင် အထက်တန်းရှေ့နေ ဒေါ်ယဉ်ယဉ်သူ ၏ ကန့်ကွက်နိုင်ပါသည် ကြေညာခြင်းတွင် မြေပေအကျယ်(၁၀ X ၄၀) ပေ အစား(၁၀ X ၂၀)ပေ ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၈ဃ/၄၀၀၆၉, Honda Wave 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၆/မတန(နိုင်) ၀၀၀၁၅၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ထားဝယ်)**

## ပျောက်ဆုံးကြောင်း

ထားဝယ်မြို့၊ ဆန်းချီ (မူလွန်) Grade-1မှ မောင်အောင်ကြူလွင်ဆန်း၏ ကျောင်းပြောင်းလက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၇၀၆၉၈၄၀၃**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 78W/91360, SHAYAN-125 ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းဇော် ၁၄/ဖပန(နိုင်) ၁၄၈၄၆၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံမြို့)**

## အလိမ္မာ စာမှာရှိ

## မိဘအမည်မှန်

ဖျာပုံမြို့၊ အထက(၄) Grade-10 မှ မောင်ဝေလင်းကျော်၏ မိဘအမည်မှန်မှာ ဦးကြည်ခင်(ခ)စူဗုက် ၁၄/ဖပန(နိုင်)၀၉၀၈၈၆နှင့် ဒေါ်သက်သက်ခိုင် ၁၄/ဖပန(နိုင်)၁၄၅၄၇၆ ဖြစ်ပါကြောင်း။

## အမည်ပြောင်း

လှိုင်သာယာအရှေ့ပိုင်းမြို့နယ် အ.မ.က(၁၈) တွင် ပညာသင်ကြားနေသော G-5 မှ မောင်ကောင်းပြည့်ကျော် အား မောင်ဇွဲထက်ထူး ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဇွဲထက်ထူး**

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

ဘားအံမြို့၊ အမှတ်(၉)ရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ နတ်စင်အကွက်၊ ဦးပိုင်အမှတ်(၉/၃)၊ မြေဧရိယာ(၀ဒသမ၀၄၂)ဧကရှိ မြေကွက်အား ဘိုးဘပိုင်အမည်ပြောင်းပေးရန် မမြမြသင်းမှ လျှောက်ထားလာပါသဖြင့် ကန့် ကွက်လိုသူရှိပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများနှင့်အတူ မြို့နယ်မြေစာရင်းဦးစီးဌာနသို့ ကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်မြေစာရင်းဦးစီးဌာန၊ ဘားအံမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ် (၄)၊ ကွင်းအမည် (ပဒေသာရပ်)၊ ဦးပိုင်အမှတ် (၄၆)၊ မြေဧရိယာ(၀.၂၂၀)ဧကအား မြေငှားဂရန်အမှုတွဲအမှတ် (၉၆၀/၁၉၉၅-၁၉၉၆)အရ (၂၄-၅-၁၉၉၅)မှ (၂၃-၅-၂၀၀၅)အထိ ဒေါ်နန်းမြစိန်အမည်ဖြင့် (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ အဆိုပါမြေကွက်အား ဦးဇင်မင်းထိုက်နှင့် ဒေါ်ရွှေစင်တို့မှ မြေငှားဂရန်သစ်အမည်ပြောင်းလျှောက်ထားရန်အတွက် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ (၁၅)ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့။**

## အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဆယ်သိန်းရပ်ကွက်၊ ဣန္ဒာသဃလမ်း၊ တိုက်(၆)၊ အခန်းအမှတ်(၁၀၂)တိုက်ခန်းသည် ဦးဝင်းအောင် ၁၀/မဒန(နိုင်) ၀၁၁၀၇၂မှ တရားဝင်ပိုင်ဆိုင်ပြီး အကျိုးခံစားလျက်ရှိ သော တိုက်ခန်းဖြစ်ပါသည်။ ဦးဝင်းအောင်၏ ပိုင်ဆိုင်မှုကို ရောင်းချခြင်း၊ ပေါင်နှံခြင်းနှင့်ငှားရမ်းခြင်း ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ပါက ဥပဒေနှင့် အညီ အရေးယူမည်ဖြစ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဦးဝင်းအောင် ၁၀/မဒန(နိုင်) ၀၁၁၀၇၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၁၁/၁၅)နေထိုင်သည့် (ဦးမောင်ငယ်)-ဒေါ်အုန်းမြိုင်တို့၏သမီး မသန္တာစုငယ်ထွေး ၁/မကန(နိုင်) ၀၉၁၂၈၅ သည် မိဘဆိုဆုံးမမှုအား နာခံမှုမရှိဘဲ မိခင်အား စိတ်ဆင်းရဲစေသော၊ ဂုဏ်သိက္ခာကျဆင်းစေသော၊ မိဘသဘောမတူသူအား လက်ထပ်ခြင်း၊ သားသမီး၏ ကျင့်ဝတ်ပီသအောင်ပြုမူနေထိုင်ခြင်း အလျဉ်းမရှိပါ၍ ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး မသန္တာစုငယ်ထွေး နှင့် ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အုန်းမြိုင်**
**လယ်ကုန်းရပ်ကွက်၊ အိမ်အမှတ်(၁၁/၁၅)၊ ကချင်ပြည်နယ်၊**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနကွပ်ကဲမှုအောက်ရှိ လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနတွင်လိုအပ်သော ရေသယ်ယာဉ်(၁)စီး (၁၂၀၀ ဂါလန်)အား မြန်မာနိုင်ငံသားလုပ်ငန်းရှင် ကုမ္ပဏီများထံမှ သတ်မှတ်ချက်များနှင့်အညီ ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါစနစ်( မြန်မာကျပ်ငွေ)ဖြင့် တင်ဒါတင်သွင်းလိုသူများ တင်ဒါတင်သွင်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။

၂။ **တင်ဒါလျှောက်လွှာရောင်းချမည့် ရက်/အချိန်** - (၉- ၆-၂၀၂၅) ရက်မှ (၂၂-၆-၂၀၂၅) ရက်အထိ ( ရုံးချိန်အတွင်း )
**တင်ဒါတင်သွင်းရမည့်နောက်ဆုံး ရက်/အချိန်** - (၂၂-၆-၂၀၂၅) ရက် ( ၁၆:၃၀ )
**တင်ဒါတင်သွင်းရမည့်နေရာ** - ရှမ်းပြည်နယ် စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့။
**တင်ဒါဖွင့်လှစ်မည့်ရက်** - သီးခြားအကြောင်းကြားပါမည်။

၃။ တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာန၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၄၀၃၇၁၂၅၀၇ သို့ ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၄၉၂-င၊ ဦးပိုင်အမှတ် ၂-က/ ၅၃လမ်းX၂၄လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြဝင်း ၉/မရမ(နိုင်)၀၀၂၁၁၀ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၈၅၅၉/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမျိုး(ခ)ဦးမောင်မျိုး ၉/ပသက(နိုင်)၀၇၉၅၆၆ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဖဖ-၁၊ ဦးပိုင်အမှတ် ၅၃၊ ၁၀၁.Cလမ်း၊ ၅၃X ၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငြိမ်းငြိမ်းအေး ၁၃/လရန(နိုင်)၁၀၄၄၀၁ကဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊အကွက်အမှတ် (၅၁၃/၁)၊ ဦးပိုင်အမှတ် (၇)၊ ၃၁x ၃၂ ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက်အား ဣန္ဒာသယစိန္တာရာမဗိုလ်ကျောင်း ပရိယတ္တိစာသင်တိုက်ကိုယ်စား ဆရာတော် ဘဒ္ဒန္တကုသလဗုဒ္ဓိ ၉/ခမစ(သ)၀၀၁၁၃၂က အမှုတွဲအမှတ် (၀၂၉၂/၂၀၂၅-၂၀၂၆)ဖြင့် အခွန်လွတ်သာသနာဂရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် ဗဗ-၃၊ ဦးပိုင်အမှတ် (၈၆)၊ ၁၁၁(E)လမ်း၊ ၄၆x၄၇ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးဘမြိုင်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၇၂၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိုးစိုးစံ ၁၃/ကမန(နိုင်)၁၅၆၂၂၂က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၀၂၈၆/ ၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဈေးရပ်ကွက်၊ အကွက်အမှတ် လလ-၉၊ ဦးပိုင်အမှတ် ၇၁၊ ၆၂X၆၃ကြား၊ ၁၄၀X၁၄၁လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီလာအေး ၉/မနတ(နိုင်)၀၀၁၄၆၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်နယ်အစိုးရအဖွဲ့ ကယားပြည်နယ် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၅-၂၀၂၆ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ရုံးမှ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ဝယ်ယူရေးဆိုင်ရာ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါလျှောက်လွှာ ရောင်းချမည့်နေ့** - ( ၉-၆-၂၀၂၅) ရက်နေ့မှ (၂၂-၆-၂၀၂၅) ရက်နေ့ထိ
**တင်ဒါလျှောက်လွှာ ပိတ်မည့်နေ့ရက်နှင့် အချိန်** - (၂၃-၆-၂၀၂၅)ရက်နေ့၊ (၁၆:၀၀)နာရီ
**တင်ဒါတင်သွင်းရမည့်နေရာ** - ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
တင်ဒါဖွင့်လှစ်မည့်နေ့ရက်နှင့် အချိန်နေရာတို့အား ထပ်မံကြေညာပါမည်။

၃။ ဆောင်ရွက်မည့်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးသို့ လာရောက်ဆက်သွယ်၍ စုံစမ်းမေးမြန်းနိုင်ပါသည်။

၄။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

**တင်ဒါကော်မတီ**
**ကယားပြည်နယ်အစိုးရအဖွဲ့ရုံး**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၂)၊ ပြည်သာယာ(၄) လမ်း၊ မြေကွက်အမှတ်(၁၃၄၃)၊ ဒေါ်ခင်ခင်ဦး (၁၂/ဒဂမ(နိုင်)၀၀၇၉၅၃)အမည်ပေါက် မြေအကျယ်အဝန်း (၄၀X ၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ မြေကွက်ကြီးအနက်မှ တရားဝင်ခွဲစိတ်ထားပြီးဖြစ်သော မြေကွက်အမှတ် (၁၃၄၃/က)၊ မြေအကျယ်အဝန်း ဧရိယာ(၀.၀၂၇၅)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်အမှတ် ၃၅၃၈/၂၀၂၅အရ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ဇင်မွန်ဖြိုး ၆/ပလန(နိုင်)၀၄၀၄၅၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ပြီးစီးအောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဦးမျိုးနိုင်(၁၂/ဥကတ(နိုင်)၁၃၈၃၆၆)**
**ဒေါ်စန်းစန်းညွှန့်**
(၁၂/ဒဂတ(နိုင်)၀၂၉၆၈၇)

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ယဉ်ယဉ်သူ (LL.B)**
အထက်တန်းရှေ့နေ (စဉ် - ၂၅၈၃၂)
ဖုန်း-၀၉-၇၆၄၈၅၂၈၇၉၊ ၀၉-၇၇၇၀၀၄၉၈၁

## ပြင်ဆင်ဖတ်ရှုပါရန်

၂၃-၇-၂၀၂၄ ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်းကြော်ငြာမှ 20W/5464 အစား 20W/51164 ဟုပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၂၅ မြန်မာ့အလင်း သတင်းစာ၊ စာမျက်နှာ(၂၂)၊ အကွက် ၀၀-၃၂၊ ဦးပိုင်-၁ဃ ကြော်ငြာတွင် အကွက် ၀၀-၃၂၊ ဦးပိုင် ၁-ဃ ခဲစင်း ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7L/3833 ယာဉ်လက်ဝယ်ရှိသူ ဦးစောအေးမင်းဖြိုး ၉/ခအဇ(နိုင်) ၀၀၀၄၇၆ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မြင်းခြံ)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8D/2240, SHWE HTAY LT SH/T-001 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးသန်း ၁၄/ကလန(နိုင်)၀၁၇၈၉၆ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ အသစ်ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ဖျာပုံ)**
**ဖျာပုံမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/10622, TVS WEGO-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမိုးအောင် ၅/ကဘလ(နိုင်)၁၇၀၆၇၁ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1022, Toyota Hilux Vigo, P/U(4X2)R Open Cab ယာဉ်လက်ဝယ်ရှိသူ ဦးစောင်စင်ယုံ ၁၃/နမတ(နိုင်) ၀၆၈၆၅၈က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုရန်ပုံငွေ၊ တိုင်းဒေသကြီးအစိုးရ ရန်ပုံငွေတို့ဖြင့် ဆောင်ရွက်မည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတား၊ ရေပေးရေး လုပ်ငန်းများ ဆောင်ရွက်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၉-၆-၂၀၂၅)ရက် (တနင်္လာနေ့)
(ခ) **တင်ဒါလျှောက်လွှာ ရောင်းချမှု ပိတ်သိမ်းမည့်ရက်** - (၂၀-၆-၂၀၂၅)ရက် (သောကြာနေ့)
(ဂ) **တင်ဒါလျှောက်လွှာ (နောက်ဆုံး)တင်သွင်းရမည့်ရက်** - (၂၀-၆-၂၀၂၅)ရက် (သောကြာနေ့)
(ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** - (၂၄-၆-၂၀၂၅)ရက် (အင်္ဂါနေ့ )
(င) **တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ** - ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံး
(စ) **တင်ဒါအကြိုရှင်းလင်းမည့်ရက်** - (၁၃-၆-၂၀၂၅ )ရက် (သောကြာနေ့ )

၂။ အသေးစိတ်သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အမှတ်(၂၄၅) သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်းနံပါတ်- ၀၁-၉၀၁၀၆၅၀နှင့် email-ygn.yrd@drdmyanmar.net သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရွှေကြက်ယက်ရပ်ကွက်၊ အကွက်အမှတ် ၆၁၂၊ ဦးပိုင်အမှတ် ၂၃/၁+၂၃/၂ ခဲစင်း/စစ်ကိုင်း-မန္တလေးကားလမ်း၊ မဲအိုးချောင်းအနီးရှိ ဂရန်အမည်ပေါက်သူ ဦးစိုးနိုင်(မန်နေဂျင်းဒါရိုက်တာ၊ အေးအေးခိုင်ကုမ္ပဏီ) ၅/စကန(နိုင်)၀၄၉၀၂၇က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် အတွက် မြေပုံမြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂)၊ အကွက်/အကွက်အ မှတ်နှင့်အမည်(၁၂/ညံတောအနောက်)၊ ဦးပိုင်အမှတ်(၁၁၃-ခ)၊ မြေဧရိယာ(၀.၁၁၁မ၀၃၅)ဧကအား မြေငှားဂရန်အမှုတွဲအမှတ်(၆၃၀/၁၉၉၇-၁၉၉၈)အရ (၂၂-၁-၁၉၈၈)မှ (၂၁-၁-၂၀၁၈)အထိ (၁)ဦးရန်ကြားယို(ခ) ဦးအောင်ခင် (၂) ဒေါ်နန်းခမ်းလူ အမည်ဖြင့်နှစ်(၃၀)မြေငှားဂရန် ရရှိခဲ့သော မြေဖြစ်ပါသည်။ အဆိုပါ မြေကွက်အား ဦးရှန်ရှော်ဝေး(ခ)ထွန်းအေးဖေမှ မြေငှားဂရန်အမည်ပြောင်း၊ သက်တမ်းတိုးလျှောက်ထားရန်အတွက် ဆောင်ရွက်နေပြီဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်မြို့နယ်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ဤကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း မြေယာပိုင်ဆိုင်မှု အထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀) အောင်မြေသာစံခရိုင်တရားရုံး ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၆

မြန်မာ့စီးပွားရေးဘဏ်(၁) (၎င်းဘဏ်၏ကိုယ်စား ဘဏ်ခွဲမန်နေဂျာ ဦးခင်မောင်ထွန်း) တရားလို
နှင့်
၁။ ဒေါ်ခင်သက်မူ ၂။ ဒေါ်သန်းသန်းအေး တရားပြိုင်များ

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်(၅၁၄/၁၀)၊ ဦးပိုင်(၁၁၈)၊ ၂၅x၂၇လမ်းကြား၊ ၅၇x၅၈လမ်းကြား နေ ဒေါ်ခင်သက်မူ(ဘ)ဦးထွန်းရွှေ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ မြန်မာ့စီးပွားရေး ဘဏ်(၁)က ဘဏ်ချေးငွေနှင့် အတိုးငွေ (၉၁၄၀၈၁၅.၇၆)ကျပ်အတွက် အပေါင်ဒီကရီရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ခုနှစ်၊ ဇွန်လ ၂၅ရက် (၁၃၈၇ခုနှစ်၊ ဝါဆိုလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ခုနှစ်၊ ဇွန်လ ၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ချောစုဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
အောင်မြေသာစံခရိုင်တရားရုံး

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊မြို့သစ်မြို့နယ်၊ လင်းလည်ကျေးရွာအုပ်စု၊ ဒေါ်ရင်းကုန်းကျေးရွာ၊အခြေခံပညာ အထက်တန်းကျောင်း (ခွဲ) GRADE-10 မှ မစိုးစန္ဒာမြင့်၏ ဖခင်အမည်မှန်မှာ ဦးခင်မောင်စိုး ၈/မသန(နိုင်)၀၁၁၂၁၈ ဖြစ်ပါကြောင်း။

**ဦးခင်မောင်စိုး**

## ဖခင်အမည်မှန်

ရေကြည်မြို့နယ်၊ အထက (အသုတ်ကျောင်း) Grade-8 တန်းမှ မသော်တာအောင်၏ ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းလှိုင် ၁၄/ရကန(နိုင်)၁၃၅၀၉၂ ဖြစ်ပါကြောင်း။

**ဦးအောင်ထွန်းလှိုင်**

## ပတ်စ်ပို့ပျောက်

သန်လျင်ခရိုင်၊ သုံးခွမြို့နယ်နေ ဦးသောင်းဟန်၏သား ဦးမောင်ဇော် ၁၂/သခန(နိုင်)၀၈၂၀၉၀ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၈၃၉၁၇

## မိခင်အမည်မှန်

ရောဝတီတိုင်းဒေသကြီး၊ ဟင်္သာတမြို့၊ ဂုဏ်ထူးပန်းခင်းကိုယ် ပိုင်အထက်တန်းကျောင်း Grade-12(SA-1)အတန်းမှ မစိုးပြည့်ပြည့်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်မြင့်ရီ ၁၄/ဇလန(နိုင်)၁၇၄၅၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ အလက (ရဲကျောင်း) Grade-9 မှ မထက်ရတီ၏ ဖခင်အမည်မှန်မှာ ဦးစန်းဝင်းဗိုလ် ၈/မကန(နိုင်) ၁၇၁၁၀၂ဖြစ်ပါကြောင်း။

**ဦးစန်းဝင်းဗိုလ်**

## မောင်ဝေဖြိုးဦး အား အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ညောင်ပင်ကျေးရွာ၊ ပါတီလမ်း၊ အမှတ်(၄၁၈)နေ ဖခင်ဖြစ်သူ ဦးဇော်ဝင်း၁၂/တတန(နိုင်)၀၀၄၃၃၃၊ မိခင်ဖြစ်သူ ဒေါ်သန်းသန်းမြင့် ၁၂/တတန(နိုင်)၀၀၄၃၃၂ တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အလေးအနက်ကြေညာအပ်သည်မှာ -

